ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ (25-8-2015) (၈၃၀၃)

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏၊ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး အစိုးရက ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်ပေးသွားရမည်



နေပြည်တော် ဩဂုတ် ၂၄

**ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတနှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ကို အရေးပေါ်အခြေအနေ ကြေညာခဲ့ရပါကြောင်း၊ တိုင်းဒေသကြီးတစ်ခုနှင့် ပြည်နယ်နှစ်ခုမှလွဲ၍ တစ်နိုင်ငံလုံးနီးပါးဖြစ်ပွားခဲ့သည့်အတွက် အိမ်ထောင်စုလေးသိန်းခန့်နှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ရေးဘေးသင့်ပြည်သူများ၏ မူလလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် ဆောင်ရွက်ပေးနိုင်မှသာ ရေဘေးသင့်ပြည်သူများ ပုံမှန်ဝင်ငွေပြန်လည်ရရှိမည်ဖြစ်။**

## ခန္တီးမြို့ စိုးရိမ်ရေမှတ် ပြန်လည်ကျဆင်း

**နေပြည်တော် ဩဂုတ် ၂၄**

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် သုံးပေခွဲခန့်အထိ မြင့်တက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်သို့ ပြန်လည်ကျဆင်းသွားပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ အားကောင်းနေမည်။

# ချင်းပြည်နယ်ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုက တည်ဆောက်ရေးပစ္စည်းများ လှူဒါန်း

**မုံရွာ ဩဂုတ် ၂၄**

ချင်းပြည်နယ်တွင် ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ မြေပြိုခြင်း၊ လူနေအိမ်များပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ ယခုအခါတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ထောက်ပံ့လှူဒါန်းသည့် ဘိလပ်မြေအိတ် ၅၉၇ တန်နှင့် တည်ဆောက်ရေးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းမှ ကလေးဝမြို့အထိ ယမန်နေ့က ဇက်ရေယာဉ်များဖြင့် တင်ပို့ပေးခဲ့ကြောင်း သိရသည်။**(ဓါတ်ပုံ)** **(ဖိုးချမ်း-မုံရွာ)**








**ကြေးမုံစာတည်းရှုထောင့်** **၂၅-၈-၂၀၁၅၊ အင်္ဂါနေ့**

# အကောင်းဆုံး နေနည်း

လူ့ဘဝဟူသည်မှာ ရေရာသေချာသည်မရှိ၊ ကံ ကံ၏အကျိုးအတိုင်း ဖြစ်ပျက်ကြရ၏ဟု တရားနည်းလမ်းအရ ဆိုကြ၏။ ကံ၊ ဉာဏ်၊ ဝီရိယ ဤသုံးပါးရှိရန်လိုသည်ဟုလည်း ဆိုကြ၏။ ကံရှိတိုင်းလည်းမဖြစ်၊ ဉာဏ်ရှိတိုင်းလည်းမကောင်း၊ ဝီရိယရှိတိုင်းလည်း အလုပ်မဖြစ်ချေ။ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးညီညွတ်ဖို့လည်း လိုသည်ဟု ဆိုကြ၏။

"ဘဝဆိုသည်မှာ ရေရာခြင်းဘာမျှမရှိ၊ သေချာခြင်းတစ်ခုမှာ သေခြင်းပင်ဖြစ်သည်"ဟု ပညာရှိ သူတော်ကောင်းတို့က ဆိုမိန့်ကြသည်။ မှန်ပါသည်။ ဘဝတစ်ခု ရေရာသည်ဖြစ်စေ၊ မရေရာသည်ဖြစ်စေ၊ သေချာသည်ဖြစ်စေ၊ မသေချာသည်ဖြစ်စေ သေချာသည့်တစ်ခုမှာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သေခြင်းတရားနှင့် မလွဲမသွေရင်ဆိုင်ရခြင်းသာဖြစ်သည်။

ချမ်းသာသောသူသည်လည်း ချမ်းသာသည့်အလျောက်၊ ဆင်းရဲသောသူသည်လည်း ဆင်းရဲသည့်အလျောက် အသက်ရှည်အနာမဲ့ နေလိုကြသူချည်းဖြစ်၏။ သာမန်ပုထုဇဉ်လူနှင့် သတ္တဝါတို့အကြောက်ဆုံးအရာမှာ သေခြင်းတရားဖြစ်သည်။သေခြင်းတရားနှင့် ရင်ဆိုင်ရမည်ဆိုပါက ကြောက်ရွံ့ထိတ်လန့် တွန့်ဆုတ်ကြသူချည်း ဖြစ်၏။ မည်သူမျှ သေပါရစေဟုမဆို၊ မသေပါရစေဟုသာ ဆိုတတ်ကြ၏။

အိစွတ်ပုံပြင်တစ်ပုဒ်တွင် အလွန်ဆင်းရဲလှသည့် သက်ကြားအိုအဘိုးတစ်ဦးက"ဩော် လူ့လောကကြီးမှာနေရတာ ဆင်းရဲလှတယ်။ ပင်ပန်းကြီးစွာ အသက်မွေးရတယ်။ မတရားဘူး၊ ငါ့လိုလူမျိုးကိုတော့ သေမင်းကမြန်မြန်မခေါ်ဘူး"ဟု နှုတ်မှရေရွတ်၏။ ထိုအခါ သေမင်းသည် ဝင်းရှေ့၌ ဘွားခနဲပေါ်လာ၏။ "အသင်အဘိုးအို သင် ကျွန်ုပ်ကို တလိုက်သလား၊ သင့်အတွက် ဘာများဆောင်ရွက်ပေးရမည်နည်း"ဟု မေးလေသည်။

ထိုအခါ အဘိုးအိုမှာ ထိတ်လန့်တုန်လှုပ်သွားပြီး "အို အရှင်သေမင်း၊ ကျွန်ုပ် သင့်ကိုတသည်မှာ ဘာမှအထွေအထူးမဟုတ်ပါ။ မြို့သို့ ထင်းရောင်းသွားရမည်ဖြစ်၍ ထင်းစီးလေးကိုသာ ကျွန်ုပ်ကျောပေါ်သို့ ပင့်တင်ပေးရန်ကူညီပါ"ဟု ဆိုလိုက်လေသည်။ ရယ်မောဖွယ် ပုံပြင်တစ်ပုဒ်ဖြစ်သော်လည်း လူတို့ဘဝ၌ လူတိုင်း ဤနည်းအတိုင်းပင်ဖြစ်သည်။

မည်သူမျှ သေခြင်းတရားကိုအလိုမရှိ၊ ဖြစ်နိုင်လျှင် မသေဆေးပင်ရလိုကြသူများဖြစ်သည်။ သေရမည်ကို မလွဲမသွေရင်ဆိုင်ရမည်ဟု သိပြန်သော်လည်း မသေမီစပ်ကြား ကျန်းကျန်းမာမာနှင့် မိမိလုပ်လိုရာ လုပ်လိုကြသူများချည်းဖြစ်၏။ ထို့ကြောင့် အသက်ရှည်နည်းတစ်ပါးပါးကို နည်းပေးလမ်းပြ ပြုကုန်ကြ၏။ အချို့က အသက်ရှည်ဆေးတစ်မျိုးမျိုးကို ပြဆို၏။ အချို့က ဘာသာတရားကို အဆုံးအမပြု၏။ အချို့က စိတ်ချမ်းသာခြင်းကို ကမကထပြု၏။ အချို့က နေထိုင်မှုပုံစံကို ဦးစားပေး၏။ အချို့က အစားအစာကို ပြဆိုကြ၏။

မည်သို့ပင်ဆိုကြသည်ဖြစ်စေ ဖော်ပြပါအချက်များအားလုံးကို အချိုးညီမျှတစွာရယူပြီး မှန်မှန်ကန်ကန်စွဲမြဲစွာ အားထုတ်ကြပါလျှင် မသေဆေးမဟုတ်သော်လည်း အသက်ရှည်ဆေးတစ်မျိုးကို ဧကန်မုချရမည်ဖြစ်၏။ ယင်းမှာ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ"ဖြစ်သည်ဟု ဒေသနာနယဆေးပညာတွင် ဆိုထား၏။ လူတိုင်းလည်း နားလည်ထားသော အချက်ဖြစ်သည်။

သေခြင်းတရားမှာ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ" နှင့် တိုက်ရိုက်သက်ဆိုင်၏။ "ကာလ၊ အတ္တ၊ ကမ္မ" တည်းဟူသော အနေအထိုင်၊ အပြုအမူ၊ အစားအသောက်ကြောင့်လည်း ဖြစ်နိုင်သည်ဟု အာယုဗ္ဗေဒဆေးပညာကလည်း ဆိုထား၏။ သေခြင်းတရားကို မလွန်ဆန်နိုင်သော်လည်း သေချိန်နှင့် အတတ်နိုင်ဆုံးဝေးကွာစေရန် ထိုနည်းများကို ကျင့်သုံးနိုင်၏။ အသက်တိုခြင်း၊ ရှည်ခြင်းကို ဆေးပညာအရ အမျိုးမျိုးအဆိုရှိကြသော်လည်း အမှန်တကယ်အသက်ရှည်ကြ၊ တိုကြသည်မှာ ကံ ကံ၏အကျိုးကြောင့်သာဖြစ်သည်ကို မျက်မြင်ဖြစ်ရပ်များက သက်သေပြလျက်ရှိသည်။ ထို့ကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးမျိုးတွင် ကံသည် ထိပ်ဆုံးမှရှိနေခြင်းဖြစ်သည်။

အသက်ရှည်ခြင်းကံပြုခဲ့မှသာလျှင် လက်ငင်းဘဝတွင် အသက်ရှည်နိုင်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာအဆုံးအမနှင့်အညီ ကံ ကံ၏အကျိုးကို ယုံကြည်ကိုးစားပြီး အသက်ရှည်နိုင်သည့်နည်းလမ်းများကို ကျင့်ကြံအားထုတ်ကာ ရရှိထားသည့်ဘဝတိုလေးအတွင်း အကောင်းဆုံးနေထိုင်သွားကြရမည်ဖြစ်ပါသည်။ ။



## အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းများ ကော့သောင်းတွင်ဖွင့်

**ကော့သောင်း ဩဂုတ် ၂၄**

ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း၊ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၄၁)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၇၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး ဇော်လွင် တက်ရောက် သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းတွင် ရက်သတ္တ ၁၄ ပတ်ကြာ အမျိုးသမီးများတတ်အပ်သည့် အချုပ်အလုပ်၊ အချက်အပြုတ် အတတ်ပညာများအား သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ငယ်ရွယ်သူ အမျိုးသမီးလေးများအား အသက်မွေးဝမ်းကျောင်းပညာ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကာ ဘဝရပ်တည်မှုရရှိစေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးရည်ရွယ်ကာ နယ်စပ်ဒေသများတွင် နိုင်ငံတော်မှ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။ ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းအား ယခင်အစိုးရလက်ထက်တွင် (၈၁)ကြိမ်နှင့် ယခု အစိုးရလက်ထက်တွင် (၂၆)ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး စုစုပေါင်း သင်တန်းသူ ၂၅၃၅ ဦးအား သင်ကြားမွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

အခမ်းအနားသို့ ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းကျောင်းအုပ်၊ ဆရာမများနှင့် သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း
သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု
ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ
အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင်
အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၄**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၁၇-၈-၂၀၁၅ ရက်နေ့မှ ၂၁-၈-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၂၁ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၆၀ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**ရန်ကုန်ရွှေဈေး ၇၇၁၆၀၀ - ၇၇၂၆၀၀**
**မန္တလေးရွှေဈေး ၇၇၁၆၀၀ - ၇၇၂၆၀၀**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၆၂. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၁. ၁၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၉၆၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၄၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၄၆၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၅၅. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၃၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၃၂. ၀၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၈. ၆၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

လူဦးရေ တစ်ဆယ့်ခြောက်သိန်းကျော် ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံခဲ့ရပါကြောင်း၊ နေအိမ်စုစုပေါင်း တစ်သောင်းခုနစ်ထောင်ကျော် ပျက်စီးခဲ့ပါကြောင်း၊ စာသင်ကျောင်း ၅၂၈ ကျောင်းနှင့် ဘုန်းကြီးကျောင်းများ အပါအဝင် အခြားအဆောက်အအုံပေါင်း ငါးထောင်ခန့် ပျက်စီးခဲ့ပါကြောင်း။

ထို့ပြင် လမ်း၊ တံတား ပျက်စီးမှုများလည်း ရှိပါကြောင်း၊ ရေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ရန်နှင့် ယင်းဒေသများ အမြန်ဆုံး ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုအချိန်သည် မိုးဦးကျစိုက်ပျိုးချိန်ဖြစ်ပြီး လယ်မြေဧက ၁၄ သိန်းကျော်ခန့် ရေနစ်မြုပ်ခဲ့သည့်အတွက် ယင်းအထဲမှ ခုနစ်သိန်းခန့် ပျက်စီးခဲ့ပါကြောင်း၊ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်တစ်ခုလုံး ဆုံးရှုံးမှုအားလုံး၏ တန်ဖိုးမှာ ၁၆၅ ဘီလီယံခန့် ရှိမည်ဟုခန့်မှန်းပါကြောင်း။

သဘာဝဘေးအန္တရာယ်သည် တားဆီး၍ မရနိုင်သော်လည်း ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုနည်းပါးခဲ့ပါကြောင်း၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့နေရပါကြောင်း၊ သဘာဝဘေးဒဏ်ကြုံတွေ့ပါက ပထမအရေးကြီးဆုံးမှာ



ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သူများကို တွေ့ရစဉ်။ (သတင်းစဉ်)

လူများအသက်ရှင်နိုင်ရန် ကယ်တင်ခြင်းနှင့် ပြောင်းရွှေ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ကျော်လွန်လာခဲ့ပြီဖြစ်ပါကြောင်း၊ ဒုတိယအနေဖြင့် ဘေးကင်းလုံခြုံအောင် ရွှေ့ပြောင်းပြီးသည်နှင့် ရေဘေးသင့်ပြည်သူများ အသက်ရှင်ရပ်တည်နိုင်ရန် စားရေး၊ နေရေး၊ ဝတ်ရေးနှင့် ကျန်းမာရေး ကိစ္စရပ်များကို နည်းလမ်းမျိုးစုံဖြင့် ကူညီစောင့်ရှောက်ပေးရမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာ အကူအညီများ၊ ကရုဏာရှင်ပြည်သူများ၏ ဝိုင်းဝန်းကူညီထောက်ပံ့မှုနှင့် အစိုးရ၏စီမံခန့်ခွဲမှုကြောင့် ရေဘေးကြုံတွေ့ရသည့် အခက်အခဲများ အခိုက်အတန့် ပြေလည်မှု ရှိနေသေးသော်လည်း ရှေ့ဆက်ရပ်တည်နိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းများစွာ ရှိပါကြောင်း၊ စားရေး၊ နေရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် လမ်း၊ တံတားများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးကို အစိုးရက ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပြုစုထားသည့် ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအပေါ် အခြေခံပြီး စီမံဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများ တိကျမှန်ကန်အောင် အမြန်ဆုံးကောက်ယူနိုင်ရန် လိုအပ်ပါကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် ရေတိုဆောင်ရွက်ရမည့် စားဝတ်နေရေး အဆင်ပြေစေရေး၊ စာသင်ကျောင်းနှင့်ဆေးရုံများ အမြန်ပြန်လည် ဖွင့်လှစ်နိုင်ရေး၊ ဆက်သွယ်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ပြီး မူလအခြေအနေရောက်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရန်အတွက် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် စာရင်းဇယား တိတိကျကျဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီး နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး၊ လူမှုရေးပြဿနာများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်ဆောင်ရွက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ အမြန်ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

ရေဘေးသင့်ပြည်သူများ၏ မူလလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် ဆောင်ရွက်ပေးနိုင်မှသာ ရေဘေးသင့်ပြည်သူများ ပုံမှန်ဝင်ငွေ ပြန်လည်ရရှိမည် ဖြစ်ပါကြောင်း၊ ယင်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် အဖွဲ့များဖွဲ့စည်းပြီး ကျေးရွာအထိ ကွင်းဆင်း၍ စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်ကို လျင်လျင်မြန်မြန် ဆောင်ရွက်ပေးခြင်းအားဖြင့် မူလအနေအထားကို အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်မည် ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် မူလအနေအထားထက် သာလွန်အောင် ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၈)ရပ်နှင့်အညီ ဝန်ကြီးဌာနအလိုက် သက်ဆိုင်သည့် လုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမျိုးသားအဆင့် ပြန်လည်ထူထောင်မှုလုပ်ငန်းညှိနှိုင်းရေးစုဖွဲ့မှုပုံစံနှင့် ပြန်လည်ထူထောင်မှုလုပ်ငန်းစုဖွဲ့မှုပုံစံ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းမှု မူဘောင်များ ချမှတ်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ကမ္ဘာ့မိုးလေဝသသတင်း ထုတ်ပြန်ချက်များအရ အယ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်မှုကြောင့် မိုးနှောင်းကာလတွင် မြစ်၊ ချောင်းများ၌ ရေကြီးရေလျှံမှုများ ထပ်မံ ဖြစ်ပေါ်နိုင်သည့်အတွက် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို အခြေခံပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။


ယင်းနောက် သဘာဝဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဒေသအလိုက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြည်ထောင်စုအစိုးရမှ ကူညီပံ့ပိုးပေးစေလိုသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။


နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့်နေအိမ်များအား ပြန်လည်ဆောက်လုပ်ပေးရေး၊ ရေဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများ ရေရှည်စားသောက်ရေးအတွက် ဆန်ရိက္ခာနှင့် လတ်တလောသုံးစွဲရန်အတွက် ငွေကြေးထောက်ပံ့ပေးရေး၊ ရေဘေးသင့် သက်ကြီးရွယ်အိုနှင့် ကိုယ်ဝန်ဆောင်မိခင်များအား စောင့်ရှောက်ပေးရေး၊ အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်း၍ ကွင်းဆင်းဆောင်ရွက်ပေးရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

**(သတင်းစဉ်)**

ဝဝဝ



## နေပြည်တော်ကောင်စီ ကောင်စီဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**နေပြည်တော်ကောင်စီ ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း**

နေပြည်တော်ကောင်စီ ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းကို စစ်ဘက်မူလတာဝန်များ ပြန်လည် ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ပုဒ်မ ၂၈၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မ၈၄ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၄၊ ပုဒ်မ ၂၁ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး မင်းနောင် ကို နေပြည်တော်ကောင်စီ ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်
(၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

အောက်ဖော်ပြပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်-

(၁) ဗိုလ်မှူးကြီးသန်းအောင် ကချင်ပြည်နယ်အစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး ဇော်မင်းဦး ချင်းပြည်နယ်အစိုးရအဖွဲ့
(၃) ဗိုလ်မှူးကြီးကြည်နိုင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(၄) ဗိုလ်မှူးကြီးသက်ထွန်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၅) ဗိုလ်မှူးကြီးအောင်ကျော်မိုး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၆) ဗိုလ်မှူးကြီးငွေးမြင့်အောင် မွန်ပြည်နယ်အစိုးရအဖွဲ့
(၇) ဗိုလ်မှူးကြီးတင်ဝင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
(၈) ဗိုလ်မှူးကြီး အောင်သူ ရှမ်းပြည်နယ်အစိုးရအဖွဲ့

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ်(၂)၊ပုဒ်မ ခွဲ (ခ)၊ ပုဒ်မခွဲ(စ)နှင့်ပုဒ်မခွဲ(ဆ)၊ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အောက်ဖော်ပြပါ အရာရှိကြီးများကို ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးသူရမျိုးတင် ကချင်ပြည်နယ်အစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီးကျော်ကျော် ချင်းပြည်နယ်အစိုးရအဖွဲ့
(၃) ဗိုလ်မှူးကြီးကျော်သန့်နိုင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(၄) ဗိုလ်မှူးကြီးခင်မောင်ငွေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၅) ဗိုလ်မှူးကြီးမျိုးမင်းအောင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၆) ဗိုလ်မှူးကြီးဝင်းနိုင်ဦး မွန်ပြည်နယ်အစိုးရအဖွဲ့
(၇) ဗိုလ်မှူးကြီးတင်အောင်ထွန်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
(၈) ဗိုလ်မှူးကြီးစိုးမိုးအောင် ရှမ်းပြည်နယ်အစိုးရအဖွဲ့

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာစီးပွားရေးကော်ပိုရေးရှင်း လုပ်ငန်းများသည် နိုင်ငံတော်သို့ အခွန်အခများ အပြည့်အဝ ပေးသွင်းလုပ်ဆောင်နေခြင်းဖြစ်

နေပြည်တော် ဩဂုတ် ၂၄

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လောက်ကိုင်ဒေသဖြစ်စဉ်နှင့် နောက်ဆုံးမြေပြင်အခြေအနေများ၊ ပါကစ္စတန်၊ ဆားဗီးယားနှင့် အိန္ဒိယနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်မှုနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးအခြေအနေများ၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအတွက် လွတ်လပ်ပြီး တရားမျှတမှုရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ လာမည့်ရွေးကောက်ပွဲအတွက် အထောက်အကူဖြစ်စေရန် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုကိစ္စရပ်များ၊ လက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်ပိုင်း အပြောင်းအလဲနှင့် နိုင်ငံရေး ပါတီများအပေါ် တပ်မတော်၏ သဘောထားရပ်တည်ချက်ဆိုင်ရာများ၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှု၊ သဘာဝဘေးဒဏ်များနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီး၏ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဦးစွာရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) အဖွဲ့ဝင်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

မေးမြန်းချက်များ အပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ပြောကြားရာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ် လက်မှတ်ရေးထိုးရာတွင် MNDAA၊ TNLA နှင့် AA အဖွဲ့သုံးဖွဲ့နှင့်ပတ်သက်၍ MNDAA သည် အချုပ်အခြာအာဏာကို ထိပါးလာ၍ တိုက်ခိုက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့နှင့် လောက်ကိုင်ဒေသကွပ်ကဲမှုစစ်ဌာနချုပ်တို့အား စတင်တိုက်ခိုက်လာခြင်းဖြစ်၍ ငြိမ်းချမ်းရေး လုပ်၍ မရကြောင်း၊ လက်နက်စွန့်ရမည်ဖြစ်ကြောင်း၊ MNDAA နှင့်ဆက်စပ်ပြီးဝိုင်းဝန်းကူညီခဲ့ကြသူများဖြစ်သည့် TNLA နှင့် KIA တပ်မဟာ(၄)ဟု ၎င်းတို့ ခေါ်ဆိုနေသူများမှာလည်း လက်နက်စွန့်ရမည်ဖြစ်ကြောင်း၊ NCA စာချုပ်လက်မှတ်ရေးထိုးသည့် အဖွဲ့များအနေဖြင့်လည်း နဂိုလက်ခံထားသည့်အတိုင်း SSR/ DDR ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အတွက် လတ်တလော အချိန်ကာလတစ်ခုအထိ လက်နက်အပ်ရန်၊ ဖျက်ဆီးရန် မလိုသေးဘဲ လက်နက်များကို ထိန်းသိမ်းထားရမည်သာဖြစ်ကြောင်း၊ နောက်ပိုင်းတွင် SSR/ DDR လုပ်ငန်းစဉ်များအတိုင်း စည်းကမ်း နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) တို့နှင့်ပတ်သက်၍ အခြားနိုင်ငံများတွင်လည်း တပ်မတော်၏ ကျောထောက်နောက်ခံ စီးပွားရေးလုပ်ငန်းများရှိကြကြောင်း၊ လည်ပတ်မှုမတူညီသော်လည်း တပ်မတော်အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၏ သက်သာချောင်ချိရေး၊ စစ်မှုထမ်းဟောင်းများ၏ သက်သာချောင်ချိရေး၊ ပြည်သူလူထု၏ သက်သာချောင်ချိရေးများ ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံတော်စီးပွားရေးအား အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ MEC လုပ်ငန်းများသည် တပ်မတော်၏ ဘတ်ဂျက်ကို Save ဖြစ်စေရန်၊ တပ်မတော်ကို အထောက်အပံ့ဖြစ်စေရန်အတွက် ပစ္စည်းထုတ်လုပ်မှုများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများသည် နိုင်ငံတော်သို့ အခွန်အခများအပြည့်အဝပေးသွင်း လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ရရှိလာသည့်အမြတ်ငွေမှ တိုက်ပွဲတွင် ထိခိုက်ကျဆုံး ဒဏ်ရာရရှိသူများအား ထောက်ပံ့ခြင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများလုပ်ဆောင်ခြင်း စသည့် လုပ်ငန်းများတွင် သုံးစွဲရန် တပ်မတော်သက်သာချောင်ချိရေးရန်ပုံငွေသို့ ထည့်သွင်းရပါကြောင်း၊ MEC အနေဖြင့် နိုင်ငံတော်အစုရှယ်ယာအားလုံးနီးပါး ပြန်လည်ပေးသွင်းပြီး ဖြစ်ကြောင်း၊ ဦးပိုင်တွင်လည်း တဖြည်းဖြည်းလျှော့ချလာပြီး နောင်တွင်အများပိုင်အဖြစ် တပ်မတော်သားမိသားစုများ၏ အစုရှယ်ယာ၊ စစ်မှုထမ်းဟောင်းများ၏ အစုရှယ်ယာ၊ တပ်များ၏အစုရှယ်ယာနှင့် ထည့်ဝင်နိုင်သည့်သူများ၏ အစုရှယ်ယာများနှင့်သာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဦးပိုင်၊ MEC လုပ်ငန်းများ အနေဖြင့်လည်း တိုင်းရင်းသားလုပ်ငန်းရှင်များ၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲလမ်းဖွင့်ထားပြီး ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်အားလုံးတွင် ဝင်ရောက်လက်တွဲလုပ်ဆောင်ရန် ကြိုဆိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် အနောက်နိုင်ငံများနှင့် နိုင်ငံရေး ကူးလူးဆက်ဆံမှုများစွာ ရှိလာသော်လည်း တပ်မတော်ပိုင်းဆိုင်ရာ ဆက်ဆံမှုအရှိန်အဟုန်နှေးကွေးနေကြောင်းနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် တရုတ်၊ ရုရှား၊ အိန္ဒိယစသည့် ဒေသတွင်းနိုင်ငံများရှိ တပ်မတော်များနှင့် သာမက အနောက်နိုင်ငံတပ်မတော်များနှင့်ပါ ရင်းနှီးပွင့်လင်းစွာ ဆက်ဆံလျက်ရှိကြောင်း၊ ပြင်သစ်၊ နော်ဝေ၊ အင်္ဂလန် စသည့် နိုင်ငံများတွင် ပညာတော်သင်များ စေလွှတ် တက်ရောက်လျက်ရှိကြောင်း၊ တပ်မတော်ချင်းဆက်ဆံရေး ကောင်းမွန်သော်လည်း နိုင်ငံရေးအဖွဲ့အစည်းများ၏ ဖိအားများရှိနေခြင်းကြောင့် ယင်းတို့အပေါ်တွင်သာ မူတည်နေကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်အရာရှိများကို အရပ်ဘက်ဝန်ကြီးဌာနများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုမူဝါဒနှင့် ပတ်သက်သည်တို့နှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများသည် မည်သည့်ဝန်ထမ်းဖြစ်စေ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်၍ရပါကြောင်း၊ မူအားဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ တောင်းဆိုမှု၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၏ သဘောတူညီမှု၊ အစိုးရအဖွဲ့၏ ခွင့်ပြုချက်တို့ဖြင့် ပြောင်းရွှေ့ရကြောင်း၊ တပ်မတော်သားများ အရပ်ဘက်ဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုသည်လည်း ထို့အတူဖြစ်ကြောင်း၊ ယခုလည်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝန်ထမ်းအခက်အခဲရှိ၍ တောင်းဆိုမှုကြောင့် မိမိအရန်ရှိသည့်အင်အားမှ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး ထိုသို့ကူးပြောင်းရာတွင် အချို့မှာ တပ်မတော်လစာထက်နိမ့်သော လစာအဆင့်ဖြင့် ပြောင်းရွှေ့သွားရခြင်းဖြစ်ကြောင်း၊ တချို့လည်း တိုက်ပွဲဒဏ်ရာရရှိသူ၊ ကျန်းမာရေးကြောင့် မသန်စွမ်းသူများအား အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြောင်းရွှေ့မှုများရှိကြောင်း ရှင်းလင်းပြောကြားသည်။

၎င်းနောက် ရွေးကောက်ပွဲတွင် သမ္မတအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ မဲဆန္ဒပေးရွေးချယ်မှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး လုံးဝဘက်လိုက်မှု မရှိကြောင်း၊ တပ်မတော်သားများ၊ မိသားစုဝင်များ မဲဆန္ဒပေးမှုနှင့် ပတ်သက်၍ တပ်မတော်၏ ရပ်တည်ချက်သဘောထားကို နားလည်အောင်သာ ရှင်းလင်းပြောကြားထားကြောင်း၊ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုလာသည့် ရလဒ်အပေါ်တွင်လည်း တပ်မတော်၏ ရပ်တည်ချက်သဘောထားအတိုင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်နှင့် သတင်းမီဒီယာများအကြား သတင်းစီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်လုပ်ဆောင်နိုင်ရေးညှိနှိုင်းဆွေးနွေးကြသည်။

**(မြဝတီ)**

**ကျောဖုံးမှ**

တန့်ယန်းမြို့နယ်မှ အသက် ၁၁၁ နှစ်ရှိ အဘွား ဒေါ်နိုင်းလွယ်လိင်း၊ လားရှိုးမြို့မှ အသက် ၁၀၅ နှစ်ရှိ အဘွားဒေါ်ဒေါင်ယန်း၊ မိုင်းရယ်မြို့နယ်မှ အသက် ၁၀၂ နှစ်ရှိ အဘွားဒေါ်နိုင်းဆာ၊ လားရှိုးမြို့နယ်မှ အသက် ၁၀၀ နှစ်ရှိအဘွားဒေါ်စောမေနှင့် သီပေါမြို့မှအသက် ၁၀၀ နှစ်ရှိ အဘိုးဦးဆန်မူးတို့အား ချီးမြှင့်ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ခံရသည့် အဘိုးအဘွားများအား ဒုတိယသမ္မတနှင့်ဇနီးတို့က တစ်ဦးလျှင်ငွေကျပ်တစ်သိန်းစီကို ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမူန်က ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အဘိုးအဘွားများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ငွေကျပ်တစ်သိန်းစီကို ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်က ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် အဘိုးအဘွားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယနေ့ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ အသက် (၁၀၀) နှစ်နှင့်အထက် အဘိုးအဘွားများအတွက် ထောက်ပံ့ချီးမြှင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ အဘိုးအဘွား ၁၇ ဦးအတွက် စုစုပေါင်း ချီးမြှင့်ထောက်ပံ့ငွေကျပ် ၆၈ သိန်းထောက်ပံ့ပေးအပ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် လူမှုကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်မှုတွင် ယခုကဲ့သို့ သက်ကြီးရွယ်အိုများအပေါ် ဂုဏ်ပြုထောက်ပံ့ပေးသော အစီအစဉ်သည် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက်အရ နိုင်ငံတစ်ဝန်းလုံးရှိ အသက် ၁၀၀ နှစ်နှင့်အထက် အဘိုး ၁၈၂ ဦး၊ အဘွား ၄၂၁ ဦး စုစုပေါင်း အဘိုးအဘွား ၆၀၃ ဦးတို့အား နိုင်ငံတော်သမ္မတ၏ အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေကျပ်နှစ်သိန်းစီကို ချီးမြှင့်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# Fuji Fire Power Exercise (2015) သို့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂၄**

ဂျပန်နိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဂိုတန်းဘားမြို့အနီး ဖူဂျီတောင်ခြေရှိ လေ့ကျင့်ကွင်းတွင် ပြုလုပ်သော Fuji Fire Power Exercise (2015)သို့ တက်ရောက်လေ့လာကြည့်ရှုသည်။

အဆိုပါလေ့ကျင့်ခန်းအား ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီး မစ္စတာဂန်းနာကတနီ က အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။ လေ့ကျင့်ခန်း၏ ပထမပိုင်းတွင် ခြေလျင်နှင့်လက်ရုံးတပ်ဖွဲ့များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၏ပစ်အားများကို သရုပ်ပြသပြီး ဒုတိယပိုင်းတွင်လေ၊ ကြည်းပူးပေါင်းစစ်ဆင်ရေး ခေတ်သစ် စစ်သဘောတရားများအား အခြေခံ၍ ကျည်စစ်ကျည်မှန်များဖြင့် လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။



Fire Power Exercise(2015) လေ့ကျင့်ခန်းတွင် စစ်သည် ၃၃၇၄ ဦး၊ တင့် ၂၇ စီး၊ သံချပ်ကာ ၅၅ စီး၊ စိန်ပြောင်း အလက် ၆၀၊ ပဲ့ထိန်းဒုံးကျည်၁၈ စင်း၊ လေယာဉ်/ ရဟတ်ယာဉ် အစင်း ၂၀ပါဝင်ခဲ့ပြီး ခဲယမ်း ၃၆ မက်ထရစ်တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၃၂၀ မီလီယံ) အသုံးပြုခဲ့သည်။ ၎င်းလေ့ကျင့်ခန်းအား ၁၉၆၆ ခုနှစ်မှစတင်၍ ဂျပန်ပြည်သူလူထုက ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အပေါ် ယုံကြည်မှုနှင့် နားလည်မှုတိုးမြှင့်နိုင်စေရန် ပြည်သူများအား ဖိတ်ကြားပြသခဲ့ခြင်းဖြစ်ပြီး ယခု လေ့ကျင့်ခန်း၌လည်း ပြည်သူလူထု ၆၀၀၀၀ ကျော် တက်ရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**(မြဝတီ)**

# ထပ်မံပေးပို့သော သက်ကြီးဝါကြီးများအား ဂုဏ်ပြုလွှာနှင့်ချီးမြှင့်ငွေ ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၂၂ ရက်တွင် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာသို့ ကွင်းဆင်း၍ စံပြမူလတန်းကြိုကျောင်းတည်ဆောက်မည့် မြေနေရာကို အတည်ပြုသတ်မှတ်ပေးသည်။ ဆက်လက်၍ ဒေါ်ညိမ်းကျေးရွာနေ အဘွား ဒေါ်တင်ရွှေ (၁၀၄)နှစ်နှင့် ခါးပြတ်ကျေးရွာနေ ဒေါ်ကြည်မှီ (၁၀၄) နှစ်တို့၏ နေအိမ်များသို့သွားရောက်၍ နိုင်ငံတော်သမ္မတကိုယ်တိုင်လက်မှတ်ရေးထိုးသော ဂုဏ်ပြုလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ လစဉ် ချီးမြှင့်ငွေ ၂၅ ရာခိုင်နှုန်း စုဆောင်းငွေမှ ထောက်ပံ့ငွေ နှစ်သိန်းကျပ်စီနှင့် ဝန်ကြီးဌာနမှ အသုံးအဆောင်ပစ္စည်းများအား ပေးအပ်သည်။



ဩဂုတ်၂၃ ရက်တွင် အလက(၂)ကျောင်း၌ ထပ်မံပေးပို့သော ဘိုကလေးမြို့နယ်မှ သက်ကြီးဝါကြီး(၃)ဦး နှင့် ကျိုက်လတ်မြို့နယ်မှ သက်ကြီးဝါကြီး(၃)ဦးတို့အတွက် ဂုဏ်ပြုလွှာများ၊ ချီးမြှင့်ငွေများနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်ထံလွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (Help Age International)နှင့်ပူးပေါင်း၍ ဩဂုတ်လအတွက်ထောက်ပံ့ငွေများကို (၁၈)ရပ်ကွက်နှင့် (၁၉) ရပ်ကွက်၊ ချောင်းတွင်းကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်ထိ ကလေးသူငယ်များအတွက်ပေးအပ်ပြီး အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေးဒရဲမြို့၌ မြတ်စေတနာဘိုးဘွားရိပ်သာတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

**●ထားဝယ်မှ**

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက အနုပညာစွမ်းရည်ပြသကြပြီး ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုမယ်တို့က သရုပ်ပြယှဉ်ပြိုင်ကြသည်။

ထားဝယ်တက္ကသိုလ်ကာယဗလမောင်ပြိုင်ပွဲတွင် ကာယဗလမောင်ဆုကို ဓာတုဗေဒအထူးပြု ကျောင်းသား မောင်ဖြိုးပိုင်ဦး၊ ဒုတိယဆုကို ဘူမိဗေဒအထူးပြုကျောင်းသား မောင်ပြည်စုံအောင်၊ တတိယဆုကိုဥပဒေပညာအထူးပြုကျောင်းသား မောင်ညီညီအောင်တို့က ဆွတ်ခူးရရှိပြီး ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် ကာယကြံ့ခိုင်မှုမယ်ဆုကို ဓာတုဗေဒ အထူးပြုကျောင်းသူ မစန္ဒာမိုး၊ ဒုတိယဆုကို သင်္ချာအထူးပြုကျောင်းသူ မအိန္ဒြာဖြိုးဝေ၊ တတိယဆုကို သမိုင်းအထူးပြုကျောင်းသူ နော်သွယ်သွယ်ထူးတို့က ဆွတ်ခူးရရှိ၍ အဆိုပါဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲသို့ ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သန်းသန်းဌေး၊ မြန်မာစာဌာနပါမောက္ခ(ဌာနမှူး) ဒေါက်တာကြူကြူမြင့်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

**○မြန်မာမှ**

ကြည်လင်း(ရန်ကုန်)၊ နေလင်းထွန်း၊ သီဟဇော်၊ ကျော်မင်းဦး(ဧရာဝတီ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ဆောင်လမန်(ချင်းယူနိုက်တက်)၊ ရှေ့တန်း-အောင်သူ(ရတနာပုံ)၊ ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်) တို့ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်မိုဗစ်ချ်သည် လက်ရွေးစင်အသင်းကို သွေးသစ်လောင်းထားပြီး အသက်(၃၀)ဝန်းကျင်ကစားသမားများ ပါဝင်လာခြင်းမရှိဘဲ ဝါရင့်ကစားသမားများအဖြစ် ကျော်ကိုကို၊ ကြည်လင်း၊ ရန်အောင်ကျော်၊ အောင်ဇော်၊ ဇော်မင်းထွန်းနှင့် ဒေးဗစ်ဒန်းတို့ပါဝင်လာသည်။

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ငွေတံဆိပ်ရ မြန်မာယူ-၂၃ အသင်းနှင့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင် မြန်မာယူ-၂၀ အသင်းမှ ကစားသမားအများစု ပါဝင်လာသည်။ ယူ-၂၃ အသင်းမှ ကျော်ဇင်ဖြိုး၊ ကျော်ဇင်လွင်၊ စည်သူအောင်၊ ဖြိုးကိုကိုသိန်း၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ နေလင်းထွန်းနှင့် သီဟဇော်၊ ယူ-၂၀ အသင်းမှ အောင်သူ၊ သန်းပိုင်၊ ကျော်မင်းဦး၊ မောင်မောင်လွင်၊ နန္ဒကျော်နှင့် မျိုးမင်းလတ်တို့ အပြီးသတ် ရွေးချယ်ရာတွင် ပါဝင်လာသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၇ ရက်တွင်လည်း နယူးဇီလန်အသင်းနှင့် ထပ်မံခြေစမ်းမည် ဖြစ်သည်။

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု တေးသီချင်းရေးဖွဲ့သီဆိုပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု တေးသီချင်းရေးဖွဲ့သီဆိုပြိုင်ပွဲကို ဩဂုတ် ၂၃ရက် နံနက်ပိုင်းက ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ကြွပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု တေးသီချင်းရေးဖွဲ့သီဆိုပြိုင်ပွဲကို ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီမောဆို၊ ဘားအံစိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကိုယ်ပိုင်သံစဉ်တေးသီချင်းများဖြင့် သီဆိုပြိုင်ပွဲဝင်ကြရာ အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ပျဉ်းမနား ဂီတအစည်းအရုံးမှ ပညာရှင်များက ပါဝင်ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပထမဆုရ မြောင်းမြစိုက်ပျိုးရေးသိပ္ပံကျောင်းအား ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးကျော်ဝင်းက လည်းကောင်း၊ ဒုတိယဆုရ သာယာဝတီစိုက်ပျိုးရေးသိပ္ပံကျောင်းအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက လည်းကောင်း၊ တတိယဆုရ ပွင့်ဖြူ စိုက်ပျိုးရေးသိပ္ပံကျောင်းအား စိုက်ပျိုးရေးသိပ္ပံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်ကလည်းကောင်း၊ နှစ်သိမ့်ဆုများကို တာဝန်ရှိသူများကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြို့ ၅ မြို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု ၁ အုပ်စု အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း မှတ်တမ်းတင်

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၇၉)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းအားလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေအားလည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်က သဘောတူသည်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုလွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ မြို့၅ မြို့တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု ၁ အုပ်စု အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

အဆိုပါ မြို့၅ မြို့နှင့် ကျေးရွာအုပ်စု ၁ အုပ်စုမှာ သာယာဝတီခရိုင် မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ နတ်တလင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များကို မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်းရှိ ကျွဲပွဲကျေးရွာအုပ်စုကို ကျွဲပွဲမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် အတွင်းရှိ ဖဒိုကျေးရွာအုပ်စု၊ ဆီဆုံကုန်းကျေးရွာအုပ်စု၊ ခွက်မကျေးရွာအုပ်စုတို့ကို ဖဒိုမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် တောကျွဲအင်းကျေးရွာအုပ်စုအား အောင်မြင်ကျေးရွာအုပ်စုအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။



ဒုတိယဝန်ကြီး ဦးမော်သာထွေး



ဒုတိယဝန်ကြီး ဦးမြင့်သိန်း

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် ဂျပန်ယန်း ၂၄ ဒသမ ၈၆၆ဘီလီယံ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားလျှပ်စစ်ဖြန့်ဖြူးမှုကွန်ရက် အဆင့်မြှင့်တင်ခြင်း စီမံကိန်း အဆင့်(၂)အတွက် ဂျပန်ယန်း ၄၁ ဒသမ ၁၁၅ဘီလီယံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ တံတား ၃ စင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် ဂျပန်ယန်း ၃၃ ဒသမ ၈၆၉ ဘီလီယံတို့ကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)မှ ချေးယူခွင့်နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဦးမော်သာထွေး၊ ဦးစိုးတင့်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အဆိုပြုချက်အတိုင်း လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး ဥပဒေကြမ်းတစ်ခုလုံးကို အတည်ပြုနိုင်ရန် ပုဒ်မအချို့နှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဆွေးနွေးခဲ့ကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် အစည်းအဝေး

# နယ်မြေဒေသနှင့် ရင်းနှီးကျွမ်းကျင်သူအရာရှိများအား စိစစ်ရွေးချယ် တာဝန်ပေးအပ်ရခြင်းဖြစ်

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ၄ ခု မေးမြန်းဖြေကြားခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော ဥပဒေကြမ်း ၂ ခုနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနက တင်သွင်းသည့် ဥပဒေကြမ်း ၂ ခုနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာက မော်တော်ယာဉ်များ မှတ်ပုံတင်ရာတွင် ယာဉ်အမှတ်များကို အင်္ဂလိပ်နံပါတ်များ ပြောင်းလဲတပ်ဆင်ပေးရခြင်း အကြောင်းအရင်း၊ မော်တော်ယာဉ်နံပါတ်ပြား၏ အရောင်၊ ရေးသားထားသော အင်္ဂလိပ်အက္ခရာများ၏ အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော နံပါတ်ပြားများမဟုတ်ဘဲ အခြားနံပါတ်ပြားများ တပ်ဆင်သွားလာလျက်ရှိသည့်ယာဉ်များနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုသည့် မေးခွန်းအပေါ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးချန်မောင်က ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့တွင် နံပါတ်ပြား၏ ရှေ့အက္ခရာမှာ မိမိဘာသာစာလုံးဖြစ်ပြီး နောက်ဂဏန်းများမှာ အင်္ဂလိပ်နံပါတ်များဖြစ်ပါကြောင်း၊ ကျန်အာဆီယံနိုင်ငံများတွင် ရှေ့အက္ခရာနှင့် နောက်ဂဏန်းတို့မှာ အင်္ဂလိပ်စာလုံးများ အသုံးပြုသော



ဒုတိယဝန်ကြီး ဦးချန်မောင်

ကြောင့် နိုင်ငံတကာနှင့် ဆက်ဆံသည့်အခါ အဆင့်မီလွယ်ကူစေရန်အတွက် ဖြစ်ပါကြောင်း။

မော်တော်ယာဉ် အမှတ်များကို အင်္ဂလိပ်နံပါတ်များ ပြောင်းလဲခြင်းလုပ်ငန်းကို ၂၀၁၃ခုနှစ် ဇူလိုင် ၃ ရက်တွင် ကနဦးမှတ်ပုံတင်ပြုလုပ်ပေးသော 4F/8000 မှစ၍ သတ်မှတ်ပြောင်းလဲ တပ်ဆင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီ စုစုပေါင်း ၁၅ ခု ကိုယ်စားပြုအင်္ဂလိပ်အက္ခရာ အတိုကောက်စာလုံးများကို တစ်ပါတည်း ထည့်သွင်းသတ်မှတ် အသုံးပြုခဲ့ပါကြောင်း။

မော်တော်ယာဉ် နံပါတ်ပြား၏ အရောင်များအား ယာဉ်များကို အသုံးပြုသည့် လုပ်ငန်းအမျိုးအစားနှင့် အဖွဲ့အစည်းများပေါ် မူတည်၍ သံရုံး/ အဖွဲ့အစည်းပိုင်ယာဉ်တွင် အောက်ခံအဖြူ စာလုံးရောင်အနက်၊ သာသနာပိုင်ယာဉ်တွင် အောက်ခံအရောင်အဝါ၊ စာလုံးအရောင်အနက်၊ ခရီးသွားလုပ်ငန်းယာဉ်တွင် အောက်ခံအရောင်အပြာ၊ စာလုံးအရောင်အဖြူ ကိုယ်ပိုင်ယာဉ်/ဆိုင်ကယ်/ ယန္တရားတွင် အောက်ခံအရောင်အနက်၊ စာလုံးအရောင်အဖြူ အငှားယာဉ်၊ နောက်တွဲယာဉ်တွင် အောက်ခံအရောင်အနီ၊ စာလုံးအရောင်အဖြူ လျှုဒါန်းယာဉ်တွင် အောက်ခံအရောင်အစိမ်း၊ စာလုံးအရောင်အဖြူ နိဗ္ဗာန်ယာဉ်တို့တွင် အောက်ခံအရောင်နီညို၊ စာလုံးအရောင် အဖြူစသည်ဖြင့် ခွဲခြားသတ်မှတ်ထားပါကြောင်း။

ထို့ပြင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော နံပါတ်ပြားများမဟုတ်ဘဲ အခြားနံပါတ်ပြားများ တပ်ဆင်သွားလာလျက်ရှိသည့် ယာဉ်များကို လိုင်စင်မဲ့ယာဉ်များ ဟုတ်/မဟုတ် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ စိစစ်မေးမြန်းလာသည့်အခါတွင် မော်တော်ယာဉ်နှင့် ပတ်သက်သော အထောက်အထားများဖြင့် စိစစ်ခြင်း၊ လိုအပ်ပါက ယာဉ်စစ်ဆေး၍ ရုံးမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်၍ အကြောင်းပြန်ကြားပေးခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

လောက်ကိုင် မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်မည့် တပ်မတော်သားများ၏ ရာထူးကို လက်ရှိ ဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးချုပ်အဆင့်ထိ တိုးမြှင့်ခန့်ထားပေးရန်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွင် အမြဲတမ်းကော်မတီဝင်အဖြစ် ခန့်အပ်



ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာ

မည့် တပ်မတော်သားများ၏ ရာထူးကို လက်ရှိ ဒုတိယဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးကြီးအဆင့်ထိ တိုးမြှင့်ခန့်ထားပေးနိုင်မည့်အစီအစဉ် ရှိ၊ မရှိ မေးခွန်းအပေါ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊ ပုဒ်မ ၂၆၂(က)၊ အပိုဒ်ခွဲ(၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် သင့်လျော်သည့် တပ်မတော်သား အမည်စာရင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ညှိနှိုင်းစိစစ်ရွေးချယ်ပေးရပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင်ရှိသော တပ်ဖွဲ့များ၏ ဖွဲ့စည်းပုံ၊ အရာရှိများအင်အားအခြေအနေပေါ် မူတည်၍ အတွေ့အကြုံရင့်ကျက်သော အရာရှိကြီးများကို နယ်မြေဒေသ အခြေအနေအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို စိစစ်ရွေးချယ်တာဝန်ပေးအပ်ရခြင်းဖြစ်ပါကြောင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများရှိ သက်ဆိုင်ရာ ဒေသများတွင်ရှိသော တပ်ရင်း/တပ်ဖွဲ့များတွင် ရောက်ရှိ တာဝန်ထမ်းဆောင်နေသည့် အရာရှိများထဲမှ အတွေ့အကြုံရင့်ကျက်သော အရာရှိများ၊ နယ်မြေဒေသနှင့် ရင်းနှီးကျွမ်းဝင်သူအရာရှိများအား စိစစ်ရွေးချယ် တာဝန်ပေးအပ်ရခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော **လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်** စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနက တင်သွင်းသည့် **သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း**များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းသည်။

**(သတင်းစဉ်)**

✳

## ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ဆက်လက်ကျင်းပ

**ဟားခါး ဩဂုတ် ၂၄**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး တက်ရောက်ခဲ့ကြသည်။

ယနေ့ အစည်းအဝေးတွင် အစည်းအဝေး စတုတ္ထနေ့က ဆွေးနွေးခဲ့ပြီးဖြစ်သည့် ချင်းပြည်နယ်ဝန်ဆောင်မှုလုပ်ငန်းဥပဒေ(မူကြမ်း)ကို အတည်ပြုရန် ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနိန်နိုင်းက တင်သွင်းရာ ပြည်နယ်လွှတ်တော်က အတည်ပြုသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့သည့် ချင်းပြည်နယ်လမ်းများ၊ တံတားများဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခဲ့ကြကာ အစည်းအဝေးပဉ္စမနေ့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့သည်။

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဩဂုတ် ၂၅ ရက်နေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် နေပြည်တော်သို့ ဩဂုတ် ၂၃ ရက်တွင် အလှူရှင်များက လာရောက်လှူဒါန်းသော အလှူပစ္စည်းများမှာ ဆန် ၂၄ ပြည်ပါ ၃၈ အိတ်၊ အိတ်ပိုင်း ခုနစ်အိတ်၊ ဆီ ၂၅ ပိဿာ၊ ရေသန့် ၆၅ ကတ်၊ အအေးတစ်ကတ်၊ ဆား နှစ်အိတ်၊ ဆပ်ပြာမှုန့် လေးအိတ်၊ ငါးသေတ္တာ ၁၅ ကတ်၊ ဖိနပ်မျိုးစုံ ၄၅ ရံ၊ ခေါက်ဆွဲခြောက် ၁၇ ဖာ၊ ၆၇ထုပ်၊ ဆပ်ပြာမွှေး သုံးခဲ၊ ဆပ်ပြာတောင့် ၁၆ တောင့်၊ ခြင်ထောင် ၁၀ လုံး၊ ဖယောင်းတိုင် အထုပ် ၂၀၊ ပန်ကန်/ဇွန်းအစုံ ငါးအိတ်၊ စာရေးကိရိယာ နှစ်အိတ်၊ ဗလာစာအုပ် နှစ်ဖာ၊ ပလတ်စတစ်ဖျာ တစ်ချပ်၊ အဝတ်အထည် ၁၆ ထုပ်၊ သက်န်း နှစ်စုံ၊ ကော်ဖီမစ် အထုပ် ၂၀၀၊ မီးခြစ် အလုံး ၃၀၊ မုန့်မျိုးစုံ တစ်အိတ်၊ ဆရာခို ဆေးဘူး ၁၈ ဘူး၊ စောင် ခြောက်ထည်၊ ခေါင်းအုံး သုံးလုံးတို့ကို နေပြည်တော်၌ လည်းကောင်း၊ ရေသန့်ကတ် ၁၀၀၊ အဝတ်အထည် နှစ်ဖာကို နေပြည်တော် ပျဉ်းမနား၌လည်းကောင်း၊ အဝတ်အထည် ခြောက်အိတ်၊ Lux ဆပ်ပြာ တစ်ဖာ၊ ဖယောင်းတိုင် တစ်ဖာ၊ အမျိုးသမီးသုံးပစ္စည်း နှစ်ဖာ၊ မီးခြစ် အလုံး ၅၀ ပါ နှစ်ဘူး၊ မျက်နှာသုတ်ပဝါ ၁၀၀၊ ဆရာခိုဆေးဘူး ဒါဇင် ၂၀၊ ခါတ်ဆား အထုပ် ၁၀၀၊ ပါရာစီတမော့ကတ် ၂၀၀၊ ငါးသေတ္တာ ၁၀ ဒါဇင်၊ အဝတ်အထည် ခြောက်ဖာ တို့ကို ရန်ကုန်တိုင်းဒေသကြီး၌လည်းကောင်း၊ နွားစာအိတ် ၅၂၀ ကို မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင်လည်းကောင်း လက်ခံရရှိ ခဲ့သည်။

ဩဂုတ် ၂၃ ရက်တွင် ပြည်တွင်းအလှူရှင်များက လှူဒါန်းသော အလှူပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၀၁၀၀ တန်ဖိုးရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




## ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများလှူဒါန်း

**မင်းတပ် ဩဂုတ် ၂၄**

မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ စတီးအိုး ငါးလုံးတွဲ ၅၇ တွဲနှင့် စောင် ၅၇ ထည် ထောက်ပံ့ပွဲကို ဩဂုတ် ၂၄ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ပစ္စည်းများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးက သက်ဆိုင်ရာမြို့နယ် ကိုယ်စားလှယ်များထံ ပေးအပ်သည်။ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ် ရေကြီးနစ်မြုပ်လယ်ကေများ စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်ပေး

**လေးမျက်နှာ ဩဂုတ် ၂၄**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဝေန်မြစ်ရေကြီးမှုကြောင့် စိုက်ပျိုးပြီး မိုးစပါးများ ရေနစ်မြုပ်ပျက်စီးခဲ့ရာ ယခုအခါ ငဝန်မြစ်ရေ ကျဆင်းနေပြီဖြစ်၍ ပျက်စီးသွားသော မိုးစပါးစိုက်ဧကများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဌာနပိုင်ထွန်စက်ကြီးများဖြင့် စတင်ထွန်ယက်နေပြီဖြစ်ရာ ဩဂုတ် ၂၄ ရက်က ပန်းတောကြီးကျေးရွာအုပ်စု၌ ထွန်ယက်လျက်ရှိပြီး ကျန်အုပ်စုများကိုလည်း ရေကျသည့်အပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ ထွန်ယက်ပေးသွားမည် ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲထွန်းက ပြောကြားသည်။

**သီဟ(လေးမျက်နှာ)**



## ကနီရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**မုံရွာ ဩဂုတ် ၂၄**

မုံရွာတက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းကြက်ခြေနီဝင်များက ကနီမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၈ ရက် ညနေ ၅ နာရီတွင် မြို့နယ်ရေဘေးသင့်ထောက်ပံ့ရေးပစ္စည်းများ လက်ခံဌာန၌ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ဆန်၊ ခေါက်ဆွဲထုပ်၊ ရေသန့်ဘူး၊ ဆပ်ပြာနှင့် မုန့်မျိုးစုံ တန်ဖိုးငွေကျပ် ၃၆၅၄၅၀ ကို မုံရွာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်နိုင်ဦးက မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးထံ ပေးအပ်လှူဒါန်းခဲ့သည်။

**(ပညာရေး)**

## ရေဘေးသင့်ဒေသများသို့ ရေယာဉ်များဖြင့် ထောက်ပံ့ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ အဆက်မပြတ်ပို့ဆောင်ပေးလျက်ရှိ

**မုံရွာ ဩဂုတ် ၂၄**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးနှင့်တမူး ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ထောက်ပံ့ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းမှ ကလေးဝမြို့သို့ ဇက်ရေယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်လျက်ရှိသည်။

ဩဂုတ်၂၂ရက်တွင် ရေယာဉ်ဖြင့် ဧဒင်ကုမ္ပဏီက ကလေးဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်း အသုံးပြုရန် ဘက်ဟိုးယာဉ် နှစ်စီး၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအသုံးပြုရန် လယ်ထွန်စက် ၁၀စီး၊ စက်သုံးဆီ ဒီဇယ်ပီပါ ၃၇ လုံး၊ အိုးအိမ်ဦးစီးဌာနက မီးစက်သုံးလုံး၊ အခြေခံပညာကျောင်းများအတွက် ပလတ်စတစ်စာသင်ခုံ အလုံး ၃၀ပါ ၇၂အိတ်၊ စားပွဲ ၁၅လုံးပါ ၃၆အိတ်၊ ဟွန်ဒါကုမ္ပဏီနှင့် ဂရိတ်ဝေါကုမ္ပဏီတို့က ထောက်ပံ့လှူဒါန်းသည့် အထပ်သားချပ် ၁၆၅၀ နှင့် အဝတ်အထည်မျိုးစုံအိတ်များ၊ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ တင်ဆောင်၍ မုံရွာဆိပ်ကမ်းမှ ကလေးဝဆိပ်ကမ်းသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယနေ့အချိန်အထိ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ချင်းပြည်နယ်နှင့် ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများကို ဇက်ရေယာဉ်ကြီး ၁၆ စင်း၊ ကုန်တင်အမြန်ရေယာဉ်ငါးစင်း စုစုပေါင်း ၂၁ စင်းဖြင့် ပို့ဆောင်ပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



**သဘာဝဘေး စုပေါင်းကာကွယ်ပေး**



ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များ ပရဟိတအသင်းက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ ရပ်ကွက် ငါးခုနှင့် သွားလာရခက်ခဲသည့် ပန်းတောင်းမြို့နှင့် ဆင်တဲမြို့များရှိ ကျေးရွာငါးရွာမှ ရေဘေးသင့်ပြည်သူများအတွက် တန်ဖိုးငွေကျပ် သိန်း ၁၅၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆေးနှင့် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များကို ဩဂုတ် ၆ ရက်က သွားရောက်လှူဒါန်းစဉ်။ (ကြေးမုံ)

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၄**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ယင်းသို့ ပို့ဆောင်ရာ ယနေ့တွင် စစ်ကိုင်းတိုင်း ဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေ သုံးခေါက်ဖြင့် ဆန်၊ စားစရာမျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်မျိုးစုံ၊ ဆေးဝါးမျိုးစုံနှင့် ရေသန့်ဆေးများကို ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြည်တွင်းရေးရာ**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ်(၂၄)ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၇၄၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၈၀၁၁ | ၁၈၄၄၅၆ | ၁၄၇၇၉၈ | ၁၁၇၅၈၇ | ၃၆၄၀၀ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၃၀၁၀၁ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၇၂၀၄ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၉၂၀၃၄ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၇၉၇၅၈ | ၆၉၆၀၄ | ၂၆၆၉၅ | ၃၀၉၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၃ | ၂၆၅၃ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၁၂ | ၁၈၃၃၀၉ | ၂၃၂၇၆၁ | ၁၉၀၇၅၄ | ၇၆၇၇ |
| | စုစုပေါင်း | ၁၄၄၃၉၃၃ | ၁၂၇၆၁၁၅ | ၁၀၇၈၀၁၆ | ၇၈၉၅၄၂ | ၂၈၁၀၂၁ |

## မြန်မာနိုင်ငံစိတ်ပညာအသင်းက ရေဘေးသင့်ပြည်သူများစိတ်အထောက်အကူပြုရေး၊ စိတ်-လူမှုဆက်ဆံရေးဆိုင်ရာ သင်တန်းဖွင့်လှစ်ပို့ချ ကွင်းဆင်းဆောင်ရွက်မည်

**ရန်ကုန် ဩဂုတ် ၂၄**

မြန်မာနိုင်ငံစိတ်ပညာအသင်းက ကြီးမှူး၍ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးတွင် သွားရောက်ပါဝင်ကူညီဆောင်ရွက်ကြမည့် NGO များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စိတ်ဝင်စားကြသူများအတွက် လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြရာတွင် အထောက်အကူပြုစေရေးကို ရည်ရွယ်၍ စိတ်-လူမှုဆက်ဆံရေးဆိုင်ရာ ထောက်ပံ့ကူညီမှုသင်တန်း (Psychosocial Support Traning Workshop) အပတ်စဉ်(၃)ကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၂၁) (၉) လမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံစိတ်ပညာအသင်းရုံးခန်း၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ဦးအုန်းလှိုင်(အထက်တန်းစိတ်ပညာရှင်)၊ ဒေါက်တာခင်မြင့် ပါမောက္ခ(ငြိမ်း) ၊ရန်ကုန်တွဲဖက်ပါမောက္ခ(ငြိမ်း) ဒေါ်သက်ထားဝင်းတို့က ပို့ချကြပြီး သင်တန်းသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ၁၀ ဦး၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြမည့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ဆရာ ဆရာမများ၊ စိတ်ပညာကျောင်းသားကျောင်းသူ ၁၀ ဦး၊ နှစ်ခြင်းအသင်းချုပ်မှ လေးဦး၊ ဆေးလူမှုဆက်ဆံရေးမှ လေးဦးနှင့်အခြား NGO များနှင့် စိတ်ပညာစိတ်ဝင်စားသူ ကိုးဦး စုစုပေါင်း ၃၇ ဦး တက်ရောက်လျက်ရှိသည်။

သင်တန်းကာလမှာ နှစ်ရက်ဖြစ်ပြီး သင်တန်းများကို စက်တင်ဘာ ၄ ရက်အထိ စဉ်ဆက်မပြတ် ခြောက်ကြိမ်ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံစိတ်ပညာအသင်းသည် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးတွင် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအောင်မြင်ရေးအတွက် ဒီဒီမြင့်မိုရ်ကုမ္ပဏီမှ ဒေါ်မေသန့်ဇင်က မြန်မာနိုင်ငံ စိတ်ပညာအသင်းသို့ ငွေကျပ်သိန်း ၂၀ လှူဒါန်းခဲ့ရာ အသင်းဥက္ကဋ္ဌ ဦးစောဝေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ မြန်မာနိုင်ငံ စိတ်ပညာအသင်းအနေဖြင့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးတွင် စိတ်ပိုင်းဆိုင်ရာအထောက်အကူပြုရေးအတွက် စိတ်-လူမှု ဆက်ဆံရေးအထောက်အကူပြုသင်တန်းကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**

## ရေဝင်နစ်မြုပ် အိမ်ထောင်စုဝင် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

**အင်္ဂပူ ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့၏ ပံ့ပိုးမှုဖြင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ ရေဝင်နစ်မြုပ်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက အင်္ဂပူမြို့ စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးစံသိန်း(ငြိမ်း)က ရေဝင်နစ်မြုပ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား အားပေးစကားပြောကြားသည်။ ထို့နောက်ထောက်ပံ့ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌကပေးအပ်ရာ ရေဝင်နစ်မြုပ်မိသားစုက လက်ခံရယူသည်။

အဆိုပါရေဝင်နစ်မြုပ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ပထမအကြိမ် တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် အဖွဲ့ဝင် ၄၀ အားလည်းကောင်း၊ တတိယအကြိမ်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့က တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် အဖွဲ့ဝင် ၄၉ ဦးအား လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



## စဉ့်ကူးမြို့တာရိုး မကျိုးပေါက်စေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်

**စဉ့်ကူး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၏ အရှေ့ဘက်ကပ်လျက် အရှည်နှစ်မိုင် သုံးဖာလုံရှိ မြို့ရိုးတာပေါင်သည် စဉ့်ကူးမြို့အား မိုးတွင်းကာလ ဧရာဝတီမြစ်ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုတို့မှ ကာကွယ်ပေးထားသည့် မြို့ရိုးဖြစ်သည်။

ဧရာဝတီမြစ်ရေမြင့်တက်ချိန်တွင် အဆိုပါ တာရိုးတစ်လျှောက် မကျိုးပေါက် စေရေးနှင့် ရေရှည်ကြံ့ခိုင်စေရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ မှ ခွဲဝေလျာထားခွင့်ပြု ငွေကျပ်သိန်း ၅၀ ဖြင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စဉ့်ကူးမြို့ရိုးတာသည် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ နှစ်များက မြစ်ရေလျှံတက်စဉ် ယင်းတာရိုး ကျိုးခဲ့ခြင်းကြောင့် ယခုနှစ်တွင်လည်း တာရိုးကျိုးမည်ကိုစိုးရိမ်သည့်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်ကော်မတီနှင့် မြို့ရိုးတာကြီးကြပ်မှုကော်မတီတို့က စောင့်ကြည့်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အဆိုပါ မြို့ရိုးတာအား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တာပေါင်ကြံ့ခိုင်ရေးတို့အတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တို့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက အဆိုပါ မြို့ရိုးတာ နိမ့်သောနေရာတို့တွင် မျောတိုင်များ စိုက်ပြီး တမံထုတ်မြေဖို့ခြင်းလုပ်ငန်းများကို မြေသယ်ယာဉ်များဖြင့်ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ယနေ့အချိန်တွင် ဧရာဝတီမြစ်ရေသည် ပုံမှန်အတိုင်းကျဆင်းနေပြီဖြစ်သော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု အခြေအနေများအရ နောက်ထပ်ရေမြင့်တက်လာမည်ကို ဒေသခံများ စိုးရိမ်ပူပန်နေကြပြီး မြို့နယ်တာဝန်ရှိသူများက ဧရာဝတီမြစ်ရေမြင့်တက်လာချိန်တွင် သတိထား၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ကြရန် အသိပေးထားကြောင်းသိရသည်။

**(ဝင်းမောင်)**

## ကျောင်းကုန်းမြို့ ရေဘေးသင့်ကျေးရွာအုပ်စု ၁၂ အုပ်စုသို့ ၂၈၅ သိန်းဖိုးလာရောက်လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာအုပ်စု ဂုံမင်းကျေးရွာ၌ ရေဘေးသင့်ပြည်သူများအား M.Y Associates. Co.,Ltd. နှင့် BBG. Group အလှူရှင်ဦးရဲထွဋ်မိသားစုက ဩဂုတ် ၂၂ ရက် နံနက်က လှူဒါန်းပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် အလှူရှင် ဦးရဲထွဋ်မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တေဇကျော်က လက်ခံရယူခဲ့သည်။

ဆန် ၂၀၇ အိတ်၊ ခေါက်ဆွဲခြောက် ၃၆၀၇၂ ထုပ်၊ မုန့်ခြောက်ဘူး ၁၀၀၀ ၊ ရေသန့်ဘူး ၃၀၈၀၊ ခြင်ထောင် ၁၁၁ လုံး၊ ရှပ်အင်္ကျီ ၂၇၆ ထည်၊ စောင်အထုပ် ၅၀၊ ဆိုလာမီးအိမ်အလုံး ၄၀၊ ကြက်ဥအလုံး ၂၀၀၀၊ ဆီ ၁၉ ပိဿာ ၄၀ ကျပ်သား၊ အဝတ်အထည် ၁၀ ထုပ်နှင့် အိမ်သာခွက်/ပိုက် ၁၀၀ စုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၈၅ သိန်းတို့ကို ကျေးရွာအုပ်စု ၁၂ အုပ်စု၊ အိမ်ထောင်စု ၅၅၁၇ စု၊ လူဦးရေ ၂၁၉၃၁ ဦးတို့အား လာရောက်လှူဒါန်းကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

ဂျူလိုင်ထောက်ပံ့မှုများ

# အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်

**ငါးသိုင်းချောင်း ဩဂုတ် ၂၄**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများရှိ ဝင်နမြစ်ရေကြီးမြင့်မှုကြောင့် ယာယီပိတ်ထားရသော ထက်/လယ်/မူ အခြေခံပညာကျောင်းများ ဩဂုတ် ၂၄ ရက်တွင်ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အစားထိုး ဖြည့်စွက်အချိန်ပိုသင်ကြားပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

အလားတူ ငဝန်မြစ်ကမ်းတစ်လျှောက်ရှိ အခြေခံပညာကျောင်းများတွင် ပြန်လည်ထူထောင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ရပ်ရွာပြည်သူများနှင့် ပညာရေးဌာနမှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ငဝန်မြစ်ရေမှာစိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် ရောက်ရှိကျဆင်းနေကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



## လယ်ယာမြေများ ရေကြီးနစ်မြုပ်ခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုမရှိ

**ဒလ ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတက်လာမှုကြောင့် လယ်မြေအချို့ရေကြီးနစ်မြုပ်ခဲ့သော်လည်း စိုက်ပျိုးပြီးစပါးများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ဒလမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ဧက ၄၅၄၅၂ ဧကရှိပြီး ကျေးရွာအုပ်စုခြောက်စုရှိ စိုက်ပျိုးလယ်မြေဧက ၅၄၉ ရေလွှမ်းနစ်မြုပ်ခဲ့သော်လည်း စိုက်ပျိုးထားသော မိုးစပါးများမှာပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒလမြို့နယ် မြေစာရင်းဦးစီးဌာနမှူးရုံး၏မှတ်တမ်းများအရ သိရသည်။ **ကိုကို(ဥပဒေ)**

## အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၄**

ဇွန်၊ ဇူလိုင်လများအတွင်း ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ဦးမောင်မောင်သန်း-ဒေါ်ခင်သန်း(မိသားစု)မှ ငွေကျပ် ၂၀၀၀၀၀၊ **SI Myanmar** အရှေ့တောင်အာရှ လူငယ်များသင်္ဘောခရီးစဉ် လူငယ်ဖွံ့ဖြိုးရေး အသင်းမှ ငွေကျပ် ၃၁၀၀၀၀၀ တို့အား လှူဒါန်းပွဲကို ယနေ့ နေပြည်တော်၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့် ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဆက်လက်ပြီး ထိုင်းနိုင်ငံရောက် ဦးကျော်နိုင်ထူးအဖွဲ့က ငွေကျပ် ၃၄၃၀၀၀ ကို နေပြည်တော်၌ လာရောက်လှူဒါန်းသည်။ **(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆက်သွယ်မှုပြတ်တောက်သွားသော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့် ယာယီပြင်ဆင်ပြီးသည့် လမ်းများစာရင်း

| စဉ် | လမ်းအမည် | ယာယီပြင်ဆင်ပြီးနောက် ယာဉ်များစတင်သွားလာနိုင်သည့်နေ့ |
|---|---|---|
| | **ယာဉ်သွားလာနိုင်ပြီဖြစ်သော လမ်းများ** | |
| ၁ | ရွှေဘို- မြစ်ကြီးနာလမ်း | ၃-၈-၂၀၁၅ |
| ၂ | မန္တလေး-တကောင်း- ဗန်းမော်- မြစ်ကြီးနားလမ်း | ၂၅-၇-၂၀၁၅ |
| ၃ | သံဖြူဇရပ်- ဘုရားသုံးဆူလမ်း | ၃၀-၇-၂၀၁၅ |
| ၄ | မင်းတပ်-မတူပီလမ်း | ၁၉-၈-၂၀၁၅ |
| ၅ | တီးတိန်-ရိဒ်လမ်း | ၁၂-၈-၂၀၁၅ |
| ၆ | ကလေး-ဖလမ်း-ဟားခါးလမ်း | ၇-၈-၂၀၁၅ |
| ၇ | သိုင်းငင်း-တီးတိန်လမ်း | ၁၀-၈-၂၀၁၅ |
| ၈ | ရှာတလိုင်း-လိုတောလမ်း | ၁၆-၈-၂၀၁၅ |
| ၉ | ဖလမ်းမြို့တွင်းလမ်း | ၁၀-၈-၂၀၁၅ |
| ၁၀ | ကနီ-မင်းကင်း- တောင်တွင်း- ချောင်လမ်း | ၁၆-၈-၂၀၁၅ |
| ၁၁ | ကလေးဝ-ကျီကုန်း- တမူးလမ်း | ၁၈-၈-၂၀၁၅ |
| ၁၂ | ဂန့်ဂေါ-ကလေးလမ်း | ၁၈-၈-၂၀၁၅ |
| ၁၃ | ငဖဲ-စေတုတ္တရာလမ်း | ၂၀-၈-၂၀၁၅ |
| ၁၄ | တွင်းငယ်-မိုးမိတ်လမ်း | ၁၆-၈-၂၀၁၅ |
| ၁၅ | ပေါက်တော-မင်းပြားလမ်း | ၁၇-၈-၂၀၁၅ |
| ၁၆ | အမ်း-စစ်တွေလမ်း | ၁၈-၈-၂၀၁၅ |
| ၁၇ | ကျောက်တော်- ပလက်ဝလမ်း | ၁၇-၈-၂၀၁၅ |
| ၁၈ | သီပေါ-နမ္မတူလမ်း | ၃၀-၇-၂၀၁၅ |
| ၁၉ | မိုင်းတုံ-မိုင်းဆတ်လမ်း | ၈-၈-၂၀၁၅ |
| ၂၀ | မိုင်းပျင်း-မက်မန်းလမ်း | ၈-၈-၂၀၁၅ |
| ၂၁ | တာလေ-ပါသျှိုး- ကျိုင်းလပ်လမ်း | ၁၆-၈-၂၀၁၅ |
| | **ပြုပြင်နေဆဲလမ်းများ** | |
| ၁ | ဟားခါး-ဂန့်ဂေါလမ်း | |
| ၂ | ဂန့်ဂေါ-အိုက္ကားလမ်း | |
| ၃ | ဟားခါး-မတူပီလမ်း | |
| ၄ | တီးတိန်-တွန်းဇံ-ကျီခါးလမ်း | |
| ၅ | ကလေး-နတ်ချောင်း-ဖလမ်းလမ်း | |
| ၆ | ကန်ပက်လက်-မင်းတပ်လမ်း | |
| ၇ | တမူ-စေတီလမ်း | |

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၂၄ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၄ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၂၄၈ စုမှ လူဦးရေ ၁၆၂၉၄၀၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၁ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှု ထောက်ပံ့ကြေး ငွေကျပ် ၁၀၄၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၈၀၃၈၂၉၃၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| | **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| | **ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၂၄)ရက်နေ့အထိ** | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀၀၆ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၃ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၆၀၀၀၀၀ | ၁၂၈၃၂၂၇၁၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၆၆၆ | ၄၀၁၀ | ၂၀၂၈၄ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၄၁၅၈၀၀၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၄ | ၁၅၄၃ | ၆၇၈၃ | - | - | ၇၂၉၃၄၅၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၀၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၅၃ | ၁၂၁၃၉၂ | ၅၀၄၂၀၈ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၀၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၁၆၇၈၄ | ၃၉၉၉၁၃ | ၁၆၁၄၄၉၄ | ၁၁၄ | ၁၀၂၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၁၈၀၈၉၀၀၀၀ | ၃၁၂၁၅၉၉၇၀ | ၉၇၀၀၀၀၀ | ၆၁၆၃၃၇၂၂၀ | |
| | ဇွန်လနှင့် ဇူလိုင်လ၊ဩဂုတ် စုစုပေါင်း | ၁၇၁၈၉ | ၄၀၂၀၅၉ | ၁၆၂၉၄၀၅ | ၁၂၁ | ၁၀၅၆၈၃၁၅၀ | ၁၅၂၄၄၂၃၀ | ၂၂၁၁၉၀၀၀၀ | ၃၂၇၈၆၅၅၅၀ | ၁၀၄၀၀၀၀၀ | ၆၈၀၃၈၂၉၃၀ | |

# ရေကြီးရေလျှံမှုများဖြစ်နေသော်လည်း အချို့ဒေသများ၌ ရေအခက်အခဲများရှိနေ


မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ချောင်းရှည်ကျေးရွာရှိ ရေဝင်ရောက်မှုနည်းနေသော မြောက်ကန်ကြီးကို တွေ့ရစဉ်။

သတင်း ›› သန်းတင်အောင်
ဓာတ်ပုံ ›› နိုင်လင်း

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအတော်များများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ချောင်းရှည်ကျေးရွာရှိ ဆည်(အောင်ဆည်)နှင့် ကန်များမှာ ယခုအခါ သဲနှင့် နုန်းများ ဝင်ရောက်မှုများကြောင့် ရေဝင်ရောက်မှု နည်းပါးလျက်ရှိသည်။

ယင်းကျေးရွာတွင် ဆည်နှစ်ဆည်၊ ကန်လေးကန်ရှိသည်။ ထိုကျေးရွာရှိ ဆည်များနှင့် ကန်များသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သည့်အတွက် ဆယ်စုနှစ်တစ်စုကျော်ကြာ မိုးရေလုံလောက်စွာသုံးစွဲနိုင်ခြင်းမရှိတော့ပေ။

ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးမှုကြောင့် လည်းကောင်း၊ ဆည်နှင့် ကန်များအတွင်း နုန်းများဖြင့် ပြည့်နှက်ကာတစ်ဆယ့်နှစ်လရာသီလုံးလုံး ရေမရတော့သဖြင့် ယခင်နှစ်များကလို စိုက်ပျိုးရေးကို တွင်တွင်ကျယ်ကျယ် မလုပ်နိုင်တော့ပေ။ သောက်သုံးရန်နှင့် သုံးစွဲရန်ပင် မလုံလောက်သဖြင့် ရေအလှူရှင်များကိုပင် စောင့်မျှော်နေရသည်။ ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက်စကားအတိုင်း ရေကိုတန်ဖိုးထားသုံးစွဲနေကြရသည်။

ဆည်နှစ်ဆည်ရှိသည့်အနက် အောင်ဆည်ကြီးသည် ယခင်ဆယ်စုနှစ်များက တစ်ဆယ့်နှစ်လရာသီပတ်လုံးရေတင်ကာ အနီးဝန်းကျင်မှ ကျေးရွာများ အမှီသဟဲ အားကိုးအားထားပြုနေရသော ဆည်ကြီးပင်ဖြစ်သည်။ ယင်းဆည်ကြီးသည် အလျားပေ ၈၀၀၊ အနံပေ ၄၀၀၊ အနက် ၁၀ ပေရှိကြောင်း သိရသည်။ ကန်များရှိ ရေများမှာလည်း ရာသီဝက်ကျော် လုံလောက်စွာအသုံးပြုနိုင်ပေသည်။ ထိုဆည်ကြီးနှင့် ကန်များအတွင်း ရေများရှိနေခြင်းကြောင့် အနီးတွင် တုံကင်တွင်းများတူးဖော်ကာ ရေအတွက်အခက်အခဲမရှိ သုံးစွဲနိုင်သည်။ သစ်သီးဝလံစိုက်ခင်းများအတွက်လည်း ရေလုံလောက်စွာ သုံးစွဲနိုင်ပေသည်။

ယခုအခါတွင် ချောင်းရှည်ကျေးရွာအတွင်းရှိ ဆည်များနှင့် ကန်များမှာ ယခုမိုးရာသီအချိန်၌ ရေဝင်ရောက်သော်လည်း သဲနှင့် နုန်းများဝင်ရောက်နေမှုများကြောင့် ရေဝင်နည်းနေသည်။ ရေခန်းခြောက်မှုမှာလည်း ပိုမိုမြန်ဆန်စေနိုင်သည့်အတွက် အသစ်ပြန်လည် ပြုပြင်ပေးနိုင်ခြင်းမရှိပါက ချောင်းရှည်ကျေးရွာနေဒေသခံများနှင့် အနီးဝန်းကျင်ကျေးရွာများအတွက် မိုးရေလုံလောက်စွာသုံးစွဲနိုင်ရန်ပင်အခက်အခဲများ ကြုံတွေ့ရနိုင်ကြောင်းချောင်းရှည်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအေးသာက ပြောသည်။

"ခုလောလောဆယ်တော့ ရွာအတွက် အဓိကကျတဲ့ မြောက်ကန်ကြီးကို တူးဖော်နေပါတယ်။ ဒီကန်ကြီးက အလျားပေ ၄၀၀၊ အနံပေ ၄၀၀ ကျယ်တယ်။ အနက်ကတော့ ငါးပေရှိတယ်။ တူးဖော်တဲ့ စရိတ်စကတွေကို ကျေးရွာအတွင်း အလှူခံရတာပေါ့။ မြေတူးစက်ကြီးတွေနဲ့ တူးတာ။ အဲဒီစက်ကြီးတွေကို ညောင်ဦးမြို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အကူအညီပေးတယ်။ အရင်နှစ်တွေကတော့ တစ်အိမ်ထောင်စုကို တာဘယ်နှတာတူးရမယ်ဆိုပြီး သတ်မှတ်ကာ လူအင်အားနဲ့ တူးရတယ်။ သိပ်တော့ အဆင်မပြေလှဘူး။ အခုလို စက်အင်အား၊ လူအင်အားတွေနဲ့ဆိုတော့ အတော်လေးအဆင်ပြေတယ်။ ရွာမှာရှိတဲ့ ကားတွေ၊ အကူအညီပေးတဲ့ကားတွေနဲ့ ကန်အတွင်းရှိ မြေတွေကို ရွာအတွင်းမြေနိမ့်ပိုင်းတွေကို လိုက်ဖို့တယ်။ အရင်ကရွာထားတဲ့ မိုးရေ သိပ်မဝင်တော့ နောက်မိုးကို မျှော်နေရတယ်။ ဒီတစ်ခါ မိုးများရင်တော့ ရွာအတွက် ရေတော်တော်လုံလောက်သွားမှာပါ။ ဒါပေမယ့် အခုထက်ထိတော့ မိုးမများတော့ခက်တယ်။ မိုးများဖို့ကို မျှော်နေရတယ်"ဟု ၎င်းက ပြောသည်။

"ပြီးခဲ့တဲ့နှစ်က ညောင်ဦးမြို့နယ်မှာရှိတဲ့ ဆည်မြောင်းဦးစီးဌာနက အခြားမြို့နယ်များရှိ ကျေးရွာအတော်များများကို မြေသားရေလှောင်ကန်တွေ အသစ်ပြန်လည်တူးဖော်ပေးပါတယ်။ မြို့နယ်အတွင်းက ကန်ပေါင်း(၃၀) လောက် တူးဖော်ပေးတယ်လို့ သိရတယ်။ ဒါပေမယ့် ကျွန်တော်တို့ကျေးရွာကတော့ အသစ်ပြန်လည်တူးဖော်ပေးတဲ့အထဲ မပါသေး ပါဘူး။ ဒီနှစ်ဘတ်ဂျက်အသစ်မှာ ကျွန်တော်တို့ကျေးရွာအတွက် အားကိုးနေရတဲ့ ဆည်တွေ ကန်တွေကို နိုင်ငံတော်က ပြန်လည်တူးဖော်ပေးဖို့ပဲ စောင့်နေရတော့ မှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ယခု နိုင်ငံတော်အစိုးရသစ်လက်ထက်တွင်လည်း ကျေးလက်၊ မြို့ပြမကျန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကျေးလက်ရေရရှိရေးနှင့် မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများအလိုက် ကျေးလက်နေပြည်သူများ မိုးရေလုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် မြေသားရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့သော် ချောင်းရှည်ကျေးရွာနေ ဒေသခံပြည်သူများ မိုးရေအတွက် မှီခိုအားထားနေရသည့် ဆည်များနှင့် ကန်များကို တူးဖော်ပေးနိုင်ခြင်းမရှိသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အသစ်ပြန်လည် တူးဖော်နိုင်ရန် အခက်အခဲများစွာရှိနေပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တူးဖော်ပေးနိုင်မည့် အချိန်အခါအား ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိနေကြကြောင်း သိရသည်။

ရေတွင်း၊ ရေကန်၊ ဆည်အလှူဆိုသည်မှာ အလွန်မွန်မြတ်သော ထာဝရ အလှူဟု ခေါ်ဆိုကြသည်။ မပျက်မစီးသရွေ့ ကုသိုလ်ရနိုင်သည်ဟု မှတ်သားဖူးပေသည်။"ယခု မပျက်စီးသေးပေမယ့် ကာလတွေ ကြာလာတာနဲ့အမျှ လူတွေ အသုံးပြုလို့ မရတော့ဘဲ ပျက်စီးတိမ်ကောသွားမယ့် အလားအလာဖြစ်နေပြီကော"ဟု တွေးတောမိသည်။ ထိုအချိန်တွင် ကုသိုလ်များ ရပ်တန့်ပျောက်ကွယ်သွားမှာပဲဟု ကျွန်တော်တွေးထင်နေမိပါကြောင်း . . ။

## စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**မဘိမ်း ဩဂုတ် ၂၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာကော်မတီအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွား သင်တန်းကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်(နည်းပညာ)က မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ကျေးလက်ပြည်သူများအပေါ် ထားရှိသော စေတနာကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျသည့် မြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ သင်တန်းသား သင်တန်းသူ ၃၆ ဦးနှင့် မြစိမ်းရောင်ကျေးရွာကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြပြီး သင်တန်းတွင် ငွေစာရင်းရေးသွင်းနည်း၊ စာရင်းဇယားထိန်းသိမ်းနည်းနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(စိုးဝင်း)**

## ဉာဏ်သစ်လောင်းဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၄**

မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ဗဟို) ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့မှ ကြီးမှူးကျင်းပမည့် ပြည်သူလူထု အများစုတွင် အဖြစ်များသော လည်ပင်းကြီးပေါင်းတက်ရောဂါ၊ ကြွက်သားနာကျင်မှုဆိုင်ရာ ရောဂါများ အကြောင်း ဉာဏ်သစ်လောင်းဟောပြောပွဲကို ဩဂုတ် ၂၉ ရက်နံနက် ၈နာရီခွဲမှ စတင်၍ ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်များအသင်းခန်းမဆောင် (အေ)၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုပါက ယင်းနေ့ နံနက် ၈ နာရီမှစ၍ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရဲတပ်ဖွဲ့ အခြေခံနှင့် နည်းပြသင်တန်းဆင်းပွဲများကျင်းပ

**မကွေး ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲအကူတပ်ဖွဲ့ခွဲမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီခွဲက COMMUNITY POLICING လုပ်ငန်းစဉ် အခြေခံသင်တန်းဆင်းပွဲကျင်းပရာ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် အဆိုပါ ရဲအကူတပ်ဖွဲ့ခွဲမှူးရုံး အစည်းအဝေးခန်းမ၌ (Special Police) များအား ဆင့်ပွားသင်တန်းပေးမည့်တပ်ဖွဲ့ဝင် (အရာရှိ) နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး အောင်စိုးဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဆင့်ပွားသင်တန်းပေးမည့် တပ်ဖွဲ့ဝင်(အရာရှိ) နည်းပြများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြစိမ်းရောင်ရန်ပုံငွေများလွှဲပြောင်းပေး

**သန်လျင် ဩဂုတ် ၂၄**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် သန်လျင်မြို့နယ်မှ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာများဖြစ်သည့် ဥယျာဉ်၊ ကဒတ်ဖြာ၊ ပြည်တော်သာ၊ စိကုန်း၊ ပုဂံတောင်၊ မင်္ဂလွန်း၊ ပေါက်တော၊ ညောင်ဝိုင်း၊ ရုံးသပြေကန်၊ ချောင်းစောက်ကျေးရွာများ၏ မြစိမ်းရောင်ရန်ပုံ ငွေစာရင်းရှင်သို့ ဩဂုတ် ၂၀ရက်က တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရင်ထိုးတံဆိပ်နှင့် ဖိတ်စာများ ထုတ်ယူနိုင်

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ(၂၀၁၅)ပြိုင်ပွဲတွင် ပြိုင်ပွဲအဆင့်အလိုက် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများ၊ အလွတ်တန်းဝါသနာရှင်များအနေ ဖြင့် ရင်ထိုးတံဆိပ်နှင့် ဖိတ်စာများကို ဩဂုတ် ၂၄ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့တော်ခန်းမ မြေညီထပ်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း ကျင်းပရေးကော်မတီက သတင်းထုတ်ပြန်ထားမှုအရသိရသည်။

**(ကျော်စိုး)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**သုံးခွ ဩဂုတ် ၂၄**

ရန်ကုန် (တောင်ပိုင်းခရိုင်) သုံးခွမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသရေပေးဝေရေးလုပ်ငန်းအတွက် စက်ရေတွင်း ခုနစ်တွင်း၊ ကျေးလက်ဒေသကျန်းမာရေးအတွက် အများသုံးသန့်စင်ခန်း (ကျေးလက်အိမ်သာ) ၁၁ လုံး၊ ကျေးလက်အိမ်ရာ ၁၂ လုံးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသမီးလင်းရေးအတွက် ဆိုလာစနစ်ဖြင့် ကျေးရွာနှစ်ရွာတွင် မီးအလင်းရောင်ရရှိအောင် ဆောင်ရွက်ပြီးဖြစ်ကြောင်းသိရသည်။

**ကိုကျော်(သုံးခွ)**

# မြန်မာတွင်သာမက ကမ္ဘာပေါ်တွင် ပထမဦးဆုံး သောတပြည့်စုံစီမံချက်ဖြင့် နားမကြားသည့် ကလေးငယ်များအား အတွင်းနားအကြားအာရုံကြော နှိုးဆွစက်ထည့်၍ အခမဲ့ကုသပေး

**မြန်မာတွင်သာမက ကမ္ဘာပေါ်တွင် ပထမဦးဆုံး သောတပြည့်စုံစီမံချက် (Cochlear Implant Program) ဖြင့် ခြောက်နှစ်အောက် နားမကြားသည့်ကလေးငယ်များ ခွဲစိတ်ကုသကာ သေးငယ်သော အဆင့်မြင့်ကွန်ပျူတာ လျှပ်စစ်ပစ္စည်း Cochlear Implant (အတွင်းနားအကြားအာရုံကြောနှိုးဆွစက်) ထည့်၍ နားအကြားအာရုံကောင်းမွန်ရန် အခမဲ့ကုသ ကူညီပေးလျက်ရှိကြောင်း သိရသည်။**

**သတင်း-ကိုသက်(ပိုလ်တထောင်)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



ဆရာဝန်ကြီးဦးစိုးတင်။



ဒေါက်တာဒေါ်အေးအေးစန်း။

ကုသပေးခြင်းအား မွေးရာပါ နားအကြားအာရုံချို့ယွင်းခြင်း၊ မွေးဖွားပြီး အကြောင်းတစ်ခုခုကြောင့် နားမကြားသဖြင့် စကားမပြောနိုင်သော ခြောက်နှစ်အောက် ကလေးငယ်များအား အတွင်းနားအကြားအာရုံကြောနှိုးဆွစက်ကို ခွဲစိတ်တပ်ဆင်ပေးပြီး အကြားအာရုံပြန်လည်ရရှိကာ စကားပြောတတ်လာရန်ထိ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသောတပြည့်စုံ စီမံချက်အား ဝိတိုရိယကျန်းမာရေးထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်းက ဆောင်ရွက်လုပ်ကိုင်ပေးလျက် ရှိသည်။ ယင်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်အေးအေးစန်းက "ကျွန်မတို့ ဖောင်ဒေးရှင်းက ၂၀၁၄ ခုနှစ် မတ်လက စတင်တည်ထောင်တာပါ။ ဖောင်ဒေးရှင်းအနေနဲ့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲတွေကို အခမဲ့ကုသပေးခြင်း၊ သောတပြည့်စုံစီမံချက်ဖြင့် အကြားအာရုံပြန်ကောင်းမွန်အောင် ခွဲစိတ်စက်တပ်မှုအား အခမဲ့ကုသပေးခြင်း၊ အခမဲ့ကွင်းဆင်းဆေးဝါးကုသပေးခြင်းတို့ကို လုပ်ပေးပါတယ်။ အခု သောတပြည့်စုံ စီမံချက်က ဖောင်ဒေးရှင်းတစ်စိတ်တစ်ပိုင်းပါ။ စီမံချက်ကို တည်ထောင်သူကဆရာဝန်ကြီး ဦးစိုးတင်ပါ။ ဆရာကြီးက ငွေကျပ် သိန်း ၁၀၀ မတည်ပြီး အခြားစေတနာရှင် အလှူရှင်များထံ အလှူငွေစုဆောင်းရှာဖွေပြီး ခွဲစိတ်ကုသမှုကုန်ကျစရိတ် မတတ်နိုင်တဲ့ နားအကြားအာရုံချို့ယွင်းတဲ့ကလေးငယ်တွေကို ရှာဖွေကာ အခမဲ့ကုသပေးပါတယ်။ Cochlear Implant စက်က ဈေးကြီးတယ်။ တစ်စုံကို အမေရိကန်ဒေါ်လာ ၈၅၀၀ ရှိတယ်။ စုစုပေါင်း ကုသမှုကုန်ကျစရိတ်က သိန်း ၁၀၀ အထက်မှာရှိတယ်။ ကျွန်မတို့က အခမဲ့ လှူဒါန်းတဲ့အတွက်ကြောင့် ကုမ္ပဏီက အထူးလျှော့ဈေးနဲ့ပေးလို့ အပြင်မှာဝယ်ရင် စက်အမျိုးအစားပေါ် မူတည်ပြီး ငွေကျပ် သိန်း ၁၅၀ မှ ငွေကျပ် သိန်း ၂၃၀ ထိတောင် ရှိတယ်။ ဒါစက်ဖိုးတင်။ ကျွန်မတို့ အခုဆိုရင် ကလေးလေးဦးစာ ခွဲစိတ်ကုသပေးဖို့ အလှူငွေရထားပြီးပါပြီ။ ခွဲစိတ်ကုသမယ့် ကလေးမပေါ်သေးပါဘူး။ ခွဲစိတ်ကုသချင်တဲ့ကလေးတွေ ကျွန်မတို့နဲ့ ဆက်သွယ်နိုင်ပါတယ်။ လှူဒါန်းလိုသူများ ဆက်သွယ်နိုင်ပါတယ်။ အဓိကကတော့ မွေးရာပါ၊ မွေးဖွားပြီး အကြောင်းတစ်ခုခုကြောင့် နားအကြားအာရုံချို့ယွင်းနေတဲ့ ကလေးတွေ စကားပြန်လည်ပြောဆိုနိုင်ပါက ပညာသင်ကြားမှု ပို့ဆောင်ပေးနိုင်မယ်။ သူတို့လေးတွေရဲ့ နောင်ရေးကောင်းမွန်တဲ့ ဘဝသစ်ကိုပို့ဆောင်ပေးနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

သောတပြည့်စုံစီမံချက်ကို စတင်တည်ထောင်သူ ဆရာဝန်ကြီးဦးစိုးတင်က "ဆရာတို့က မွေးရာပါနဲ့ မွေးဖွားပြီး အကြောင်းတစ်ခုခုကြောင့် နားအကြားအာရုံချို့ယွင်းတဲ့ ခြောက်နှစ်အောက် ကလေးတွေကို စမ်းသပ်စစ်ဆေးပေးပြီး ကိုက်ညီမှုရှိတဲ့ကလေး၊ အမှန်တကယ် ကုန်ကျစရိတ်မတတ်နိုင်တဲ့ ကလေးတွေကို အခမဲ့ခွဲစိတ်ကုသပေးပါတယ်။ ကုသမှုက အပြင်ပိုင်းနဲ့ အတွင်းပိုင်း နှစ်ပိုင်းရှိတယ်။ အတွင်းပိုင်းကို နားနောက်အရိုးအား ခွဲစိတ်ကာစက်ထည့်သွင်းပြီး အပြင်ပိုင်းက နားအနောက်ပိုင်းတွင် ကပ်ထားရသော အသံစုဆောင်းသည့်ကိရိယာ(Sound Processor) တပ်ဆင်ပေးခြင်းဖြစ်ပါတယ်။ အဓိကတော့ ကလေးတွေရဲ့ ဘဝတွေ မရှုံးစေဘဲ ဘဝသစ်လေးဖြင့် ကောင်းမွန်အောင်လို့ပါ။ ခု ဆရာတို့လုပ်တဲ့ သောတပြည့်စုံစီမံချက်က မြန်မာမှာသာမက ကမ္ဘာပေါ်မှာတောင် မရှိသေးပါဘူး။ ဒါပထမဦးဆုံးပါ။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီလိုလုပ်ပေးရတာ ဂုဏ်ယူမိပါတယ်။ ပထမဦးဆုံးဆိုတာက နားအကြားအာရုံချို့ယွင်းမှုကို အစအဆုံး အလုံးစုံ အခမဲ့ကုသပေးတာကို ဆိုလိုပါတယ်။ နောက်နောင်များ အကြားအာရုံချို့တဲ့တဲ့ ကလေးတွေကို အခမဲ့ စဉ်ဆက်မပြတ် ကုသပေးနိုင်ဖို့ အလှူငွေရှာဖွေရေးတွေလည်း လုပ်သွားမှာပါ။ လူတန်းစားမရွေး လှူဒါန်းနိုင်အောင်လည်း လုပ်ဆောင်ပေးသွားမယ်"ဟု ပြောကြားသည်။

ဝိုင်းဝန်းအလှူရှင်များမှ ဒေါ်ပိုးဖြူကလည်း "ကျွန်မလှူတာကတော့ သုံးသိန်းပါ။ ဒါပေမယ့် သူငယ်ချင်း အပေါင်းအသင်းတွေကို ဖွဲ့ဘုတ်မှ လှူကြဖို့ ဆော်အော်ပေးတယ်။ သူငယ်ချင်းတွေက အကုန်လုံးလိုက်လှူကြတယ်။ အခုဆို သူငယ်ချင်းအပေါင်းအသင်း ၅၄ ယောက် လှူကြတယ်။ ငွေကျပ် သိန်း ၁၇၀ လောက်ရတယ်။ ကလေးတွေဘဝအတွက် လက်ဆောင်ပေးခြင်းသဘောပါ"ဟု ပြောသည်။

အခမဲ့ ခွဲစိတ်ကုသခံမည့် မောင်ကျော်ကျော်ခန့်၏ ဦးလေး ဦးဌေးဝင်းက "ကျွန်တော်တို့က ကောလင်းမြို့နယ်ကပါ။ ပထမကတော့ တူလေးကို ရိုးရိုးလူနာတစ်ယောက်အနေနဲ့ လာပြတာပါ။ ဆရာကြီး ဒေါက်တာစိုးတင်က ခွဲစိတ်ကုသရမယ်လို့ ပြောပါတယ်။ ကျွန်တော်တို့က မတတ်နိုင်ဘူးလို့ ပြောတော့ အလှူရှင်ပေါ်ရင် ဆက်သွယ်ပေးမယ်လို့ ပြောပါတယ်။ အလှူရှင်ရှိလို့ ဖုန်းဆက်တာနဲ့ ရောက်လာတာပါ။ မနက်ဖြန် ခွဲစိတ်ကုသပေးတော့မှာပါ။ အစစအရာရာ ကျွန်တော်တို့ကို အခမဲ့ ဆောင်ရွက်ပေးပါတယ်။ တူလေးက ငါးနှစ်နဲ့ သုံးလရှိပါပြီ" ဟု ပြောသည်။

သောတပြည့်စုံစီမံချက်တွင် အခမဲ့ကုသပေးခြင်း ရွေးချယ်ရာတွင် အသက်တစ်နှစ်ပြည့်ပြီး ခြောက်နှစ်မွေးနေ့မတိုင်မီအတွင်းဖြစ်ပြီး သို့မှသာ စကားပြောပြန်လည်သင်ကြားရန် လွယ်ကူမည်ဖြစ်ရာ ပို၍ငယ်ရွယ်သူများကို ဦးစားပေးသည်။ ကလေးငယ်၏ မိဘ(အုပ်ထိန်းသူ)များသည် နားကြားစက် ခွဲစိတ်တပ်ဆင်ရန် ကုန်ကျစရိတ်အားလုံး ငွေကြေးမတတ်နိုင်ကြောင်း လုံလောက်သော အထောက်အထား ပြသနိုင်သူများဖြစ်ရမည်။ မိဘ(အုပ်ထိန်းသူ)များက ၎င်းကလေးငယ်အား မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးသည့်အခါ ဆရာဝန်ကြီး၏ လမ်းညွှန်ချက်များအတိုင်း စကားပြန်လည်ပြောကြားရန် သင်ကြားပေးပြီး ပညာဆက်လက်သင်ကြားပေးသည်အထိ တိကျစွာ တာဝန်ယူပြုစုစောင့်ရှောက်နိုင်ရမည်။ မိဘ(အုပ်ထိန်းသူ)နှစ်ဦးစလုံး မြန်မာနိုင်ငံသားများ ဖြစ်ရမည်ဖြစ်ပြီး မြန်မာပြည်အတွင်း နေထိုင်သော မည်သည့်နေရာ၊ မည်သည့်တိုင်းရင်းသား၊ မည်သည့်ဘာသာကိုမဆို ရွေးချယ်မည်။ ရွေးချယ်ရေးကို စီမံချက်ကော်မတီ အလုပ်အမှုဆောင်အဖွဲ့မှ အသေးစိတ်မှုများနှင့်အညီ ရွေးချယ်သွားမည်ဖြစ်သည်။

အဆိုပါ သောတပြည့်စုံစီမံချက်သို့ အလှူငွေ လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၁-၉၆၆၆၀၄၁၊ ၉၆၆၆၀၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

# သံတမန်ရေးရာသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့်သံတမန်ရေးရာသင်တန်း အမှတ်စဉ် (၄/၂၀၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးရာဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ကျော် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခ ဆရာကြီး ဆရာမကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သော အရာထမ်းငယ်များ၏ အရည်အသွေးမြင့်တင်စေရန်နှင့် ဗဟုသုတကြွယ်ဝစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းစီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ ဆက်ဆံရေးကျွမ်းကျင်မှုဘာသာရပ်၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ သံခင်း တမန်ခင်းဆိုင်ရာဘာသာရပ်များနှင့် အာဆီယံရေးရာများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနစုမှူး-၂ ၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှုမရှိ၍ ဗဟန်းမြို့နယ်ရှိဆိုင်များ အများဆုံးတိုင်ကြားခံနေရ

**ရန်ကုန် ဩဂုတ် ၂၄**

ယခုရက်ပိုင်းအတွင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှု မရှိသည့် ရန်ကုန်မြို့ရှိ ဆိုင်ပေါင်း ၁၀၀ ကျော်ကို ပြဋ္ဌာန်းထားသည့် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေအား လိုက်နာမှုမရှိသည့်အတွက် ဒဏ်တပ်ရိုက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁(စ)အရ ပြေစာကို ဝယ်ယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာထုတ်ပေးသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဒဏ်တပ်ရိုက်ခံရခြင်းဖြစ်ပြီး အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းမရှိဘဲ ရောင်းချ၍ အများဆုံး သတင်းပေးတိုင်ကြားခံရသည့် မြို့နယ်မှာ ဗဟန်းမြို့နယ်အတွင်းရှိ ဆိုင်များဖြစ်ကြောင်း သိရသည်။ သတင်းပေးတိုင်ကြားမှုအများစုမှာ သွားရောက်စားသုံးသူ ပြည်သူများဖြစ်သည်။

ရသင့်ရထိုက်သည့် အခွန်ရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စားသုံးသူများအနေဖြင့် ကျသင့်ငွေပေးချေချိန်တွင် အခွန်တံဆိပ်ခေါင်းကပ်ထားသော ပြေစာကို တောင်းယူရန်နှင့် စားသောက်ဆိုင်များကလည်း အခွန်တံဆိပ်ခေါင်းကပ်နှိပ်ထားသည့် ပြေစာများ ထုတ်ပေးရန် ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ မေတ္တာရပ်ခံနှိုးဆော်ထားပြီး စားသုံးသူများအနေဖြင့် ပြေစာထုတ်မပေးသော စားသောက်ဆိုင်များကို တွေ့လျှင်ဖြစ်စေ၊ အခွန်တံဆိပ်ခေါင်းမပါရှိသော (သို့မဟုတ်) ကျသင့်အခွန်ကို အပြည့်အဝကပ်ထားခြင်းမရှိသော ပြေစာကိုရရှိလျှင်ဖြစ်စေ အဆိုပါဌာန အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖုန်း-၀၁-၂၅၂၅၄၃၊ ၂၅၂၅၄၇၊ ၃၇၂၃၀၈ တို့သို့ တိုင်ကြားနိုင်ကြောင်းလည်း သိရသည်။

"အခုတလော မြို့လယ်ပိုင်းက ဆိုင်တော်တော်များများမှာ စားပြီးငွေရှင်းတဲ့အခါ ကောင်တာကပေးတဲ့ ပြေစာမှာ တံဆိပ်ခေါင်းကပ်ထားပေးတာ တွေ့ရတယ်၊ အခွန်ပေးရတယ်ဆိုတာက ဆိုင်အပြင်အဆင်နဲ့ သန့်ရှင်းသပ်ရပ်မှု၊ အရသာကောင်းတာတွေရှိရင်တော့ ပေးရတာတန်တယ်လို့ထင်တယ်။ ဒါပေမယ့် ဆင်ခြေဖုံးမှာတော့ အခွန်ပြေစာဆောင်တာ သိပ်မတွေ့ရဘူး၊ အင်းစိန်မြို့နယ် မင်းဓမ္မလမ်းပေါ်က စားသောက်ဆိုင်ကဆိုရင် ဘောက်ချာတောင်မပေးလို့ မနည်းတောင်းယူရတယ်။ တံဆိပ်ခေါင်းကပ်ထားတာ မတွေ့ရဘူး။ ကျွန်တော်ကတော့ အခွန်ပြေစာ မကပ်ထားရင် ရအောင်လို့ တောင်းခဲ့တာပဲ။ ဒီလိုမျိုးဆိုင်တွေက တံဆိပ်ခေါင်းကပ်မပေးတာမျိုးကတော့ စားသုံးသူနစ်နာတာထက် နိုင်ငံတော်ဘဏ္ဍာက ပိုပြီးနစ်နာမယ်လို့ ထင်တယ်။ နိုင်ငံတော်က အခွန်နဲ့ပတ်သက်တဲ့အပိုင်းမှာ ပြည်သူတွေကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးပြီး ဖိဖိစီးစီး ဆောင်ရွက်အရေးယူတာမျိုးတွေ လုပ်စေချင်တယ်။"ဟု ပုဇွန်တောင်မြို့နယ်အတွင်း နေထိုင်သူတစ်ဦးက ပြောသည်။

အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်လျှင် ပထမအကြိမ် ဒဏ်ကြေးအဖြစ် ငွေကျပ် နှစ်သိန်း၊ ဒုတိယအကြိမ် ဒဏ်ကြေးအဖြစ် ငွေကျပ် ငါးသိန်း၊ တတိယအကြိမ် ဒဏ်ကြေးအဖြစ် ငွေကျပ် ခုနစ်သိန်း၊ တတိယအကြိမ်နှင့်အထက် ပျက်ကွက်ပါက တစ်ကြိမ်လျှင် ငွေကျပ် ၁၀ သိန်းနှုန်း သတ်မှတ်ထားပြီး သတင်းပေးတိုင်ကြားသူကိုလည်း ဒဏ်ကြေးငွေ၏ ၁၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ပြန်လည်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

"အခွန်ဆောင်ထိုက်တဲ့ ဝင်ငွေရှိပါလျက် အခွန်ပေးဆောင်မှုမရှိရင် ပြည်သူလူထုပဲ ထိခိုက်နစ်နာစေမှာပါ။ နိုင်ငံတိုင်း အခွန်ကောက်ခံရရှိမှုအပေါ် မူတည်ပြီး တိုင်းပြည်နဲ့ ပြည်သူလူထုဘဝ ဖွံ့ဖြိုးတိုးတက်လာတာဖြစ်ပါတယ်။"ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်အောင်လင်းက ဆိုသည်။

"စားသောက်ဆိုင်၊ ဟိုတယ်၊ မိုတယ်၊ အင်းနဲ့ တည်းခိုခန်း စတဲ့ လုပ်ငန်းတွေအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်း စီမံချက်လုပ်ငန်းတွေ အောင်မြင်နိုင်ရန်အတွက် ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေအတိုင်း ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာအောင် ဟောပြောဆွေးနွေးပွဲတွေ ပြုလုပ်ပေးခြင်း၊ သတင်းမီဒီယာတွေနဲ့ အသိပေးခြင်း၊ ဆုပေးဒဏ်ပေးစနစ်ကို တိတိကျကျ ကျင့်သုံးခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ၎င်းက ဆက်လက်ပြောသည်။

ယခုရက်ပိုင်းအတွင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှုမရှိ၍ အရေးယူခဲ့သည့် ဆိုင်ပေါင်း ၁၀၀ ကျော်တွင် နာမည်ကြီး KFC နှင့် Lotteria တို့လည်း ပါဝင်ကြောင်း သိရသည်။

**သတင်း-ဝင်းဝင်းမော်၊**
**မြတ်စန္ဒီ**

# နီပေါတွင် ဆန္ဒပြသူများနှင့် ပဋိပက္ခဖြစ်ပွားမှုကြောင့် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံး




**ခတ္တမန္ဒူ ဩဂုတ် ၂၄**

နီပေါနိုင်ငံ ကီလာလီခရိုင်အရှေ့ပိုင်း၌ တနင်္လာနေ့က ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များကြား ပဋိပက္ခဖြစ်ပွားမှုတွင် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ရကြောင်း နီပေါအစိုးရက အတည်ပြုပြောကြားသည်။

"ဒီကနေ့ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခမှာ နီပေါရဲတပ်ဖွဲ့နဲ့ လက်နက်ကိုင်တပ်ဖွဲ့ဝင်များအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးခဲ့ရပါတယ်" ဟု ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လက်မီ ပရာဆက်ဒါကယ်က ပြောကြားသည်။

အဆိုပါ ပဋိပက္ခဖြစ်ပွားပြီးနောက် ကီလာလီခရိုင်ကို ပဋိပက္ခဇုန်အဖြစ် နီပေါအစိုးရက ချက်ချင်း ထုတ်ပြန်ကြေညာခဲ့သည်။ အခြေအနေကို ထိန်းချုပ်ရန် နီပေါတပ်မတော်ကို ယင်းဒေသတွင် စုစည်းထားခဲ့ပြီဖြစ်သည်။

ဆန္ဒပြသူများက ကန့်သတ်ဧရိယာအတွင်း ရောက်ရှိနေသည့် သာရူဝပ်ပြည်နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုရာမှ အကြမ်းဖက်မှုအသွင်သို့ ကူးပြောင်းသွားခြင်းဖြစ်သည်။ တယ်လီဖုန်းလိုင်းများ ပြတ်တောက်သွားမှုကြောင့် ဆန္ဒပြသူများဘက်တွင် သေဆုံးသူ ရှိ၊ မရှိကို အတိအကျမသိရှိရပေ။ တယ်လီဖုန်းဆက်သွယ်မှုလိုင်းများ ပြတ်တောက်စေရန် ဆန္ဒပြသူများက ယင်းဒေသရှိ တယ်လီဖုန်းလိုင်းများကို ဖြတ်တောက်ခဲ့ကြသည်ဟု လက်မီ ပရာဆက်ဒါကယ်က ပြောကြားသည်။ **ဆင်ဟွာ။**

## ဆော်ဒီအာရေဗျနိုင်ငံတွင် တစ်ပတ်အတွင်း မားစ်ပိုင်းရပ်စ်ကူးစက်ခံရသူ ၄၉ ဦးတွေ့ရှိ

**ရီယတ် ဩဂုတ် ၂၄**

ဆော်ဒီအာရေဗျနိုင်ငံတွင် အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းပိတ်ဆို့ရောဂါ မားစ်ကူးစက်ခံရသူ တစ်ပတ်အတွင်းတွင် ၄၉ ဦးခန့် တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုထုတ်ပြန်ကြေညာခဲ့ကြောင်း ဆော်ဒီပရက်စ်အေဂျင်စီက ဆိုသည်။

ရီယတ်မြို့တွင် မားစ်ကူးစက်ခံရသူ ၄၇ ဦးတွေ့ရှိရပြီး ကျန်နှစ်ဦးမှာ နာဂျ်ရန်နှင့် အာဗ်ဟာမြို့များမှ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

တစ်ပတ်အတွင်း ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ အရေအတွက် မြင့်တက်မှုရှိလာခဲ့သည့်အတွက် လူ ၁၃၉၀ သည် ကျန်းမာရေးဝန်ကြီးဌာန ခေတ်ခွဲခန်းများတွင် ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ စစ်ဆေးမှုခံယူလျက်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် မားစ်ဗိုင်းရပ်စ်ပိုး စတင်တွေ့ရှိခဲ့သည့် ၂၀၁၂ ခုနှစ် အချိန်မှစပြီး ရောဂါကူးစက်ခြင်းခံရသူအရေအတွက်မှာ ၁၁၄၇ ဦးခန့်ရှိပြီး ၄၈၇ ဦး သေဆုံးခဲ့သည်။

မားစ်ဗိုင်းရပ်စ်ကူးစက်ခံရသူသည် ဖျားနာခြင်း၊ အသက်ရှူကျပ်ခြင်း၊ အဆုပ်ရောင်ခြင်းနှင့် ကျောက်ကပ်ပျက်စီးမှုများ ခံစားရမည်ဖြစ်သည်။ **ဆင်ဟွာ။**

## မြောက်ကိုရီးယားဝန်ချတောင်းပန်ရန် တောင်ကိုရီးယားသမ္မတ တောင်းဆို

**ဆိုးလ် ဩဂုတ် ၂၄**

တောင်ကိုရီးယားတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိစေခဲ့ရသည့် မြေမြှုပ်မိုင်းပုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ မြောက်ကိုရီးယားနိုင်ငံက ဝန်ချတောင်းပန်သည်အထိ ဝါဒဖြန့်ချိရေးထုတ်လွှင့်မှု ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက ဩဂုတ် ၂၄ ရက်တွင် ပြောကြားလိုက်သည်။

ဝါဒဖြန့်ချိရေးထုတ်လွှင့်မှု အဆုံးသတ်စေရန် အင်အားသုံးဆောင်ရွက်မည်ဟု မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ခဲ့ရာ ကိုရီးယားနှစ်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်လျက်ရှိသည်။

ဖြစ်ပေါ်နေသည့် ပြဿနာကိုဖြေရှင်းနိုင်ရေးအတွက် အထက်တန်းပုဂ္ဂိုလ်အဆင့် ဆွေးနွေးမှုပြုလုပ်နေစဉ်မှာပင် နှစ်နိုင်ငံစလုံးက ၎င်းတို့၏ တပ်ဖွဲ့များကို တပ်လှန့်ထားသည်။

နယ်စပ်ဒေသ၌ မြေမြှုပ်မိုင်းပုံးထောင်ထားခြင်း မပြုလုပ်ပါဟု၍ မြောက်ကိုရီးယားနိုင်ငံက ငြင်းဆိုခဲ့သည်။ ၎င်းအပြင် ဩဂုတ် ၂၀ ရက်က တောင်ကိုရီးယားဘက်သို့ အမြောက်ဖြင့်ပစ်ခတ်မှု ပြုလုပ်ခြင်း မရှိခဲ့ပါဟု၍လည်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားသည်။ ယင်းဖြစ်စဉ်တွင် တောင်ကိုရီးယားဘက်မှ အမြောက်ဖြင့် ပြန်လည်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ **ရိုက်တာ။**

## ဂျပန်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ သိုလှောင်ရုံ၌ ပေါက်ကွဲမှုများနှင့် မီးလောင်မှုဖြစ်ပွား

**တိုကျို ဩဂုတ် ၂၄**

ဂျပန်နိုင်ငံ မြို့တော် တိုကျို အနောက်တောင်ဘက် ဆာဂါမိဟာရမြို့ရှိ အမေရိကန်ကြည်းတပ်စခန်း သိုလှောင်ရုံတစ်လုံးတွင် ပေါက်ကွဲမှုများနှင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ သိုလှောင်ရုံပျက်စီးခဲ့ရပြီး ထိခိုက်ဒဏ်ရာရသူမရှိကြောင်း အမေရိကန်ကာကွယ်ရေးဌာန ပြန်ကြားရေးအရာရှိတစ်ဦးက ဩဂုတ် ၂၄ ရက်တွင် ပြောသည်။

တိုကျို အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ ဆာဂါမိဟာရမြို့ရှိ အမေရိကန်တပ်ဖွဲ့၏ ဆာဂါမိ အထွေထွေသိုလှောင်ရုံ၌ ဒေသစံတော်ချိန် ဩဂုတ် ၂၄ ရက်အဝင် ညသန်းခေါင်ယံအကျော်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ယင်းသိုလှောင်ရုံ၌ ဘေးဥပဒ်ဖြစ်စေနိုင်သော ပစ္စည်းများကို သိုလှောင်ထားခြင်းမရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါသိုလှောင်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးကြောင်း၊ စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ရေတပ်တပ်မှူး ဘီလ်အာဘန်က ပြောကြားသည်။

သိုလှောင်ရုံအတွင်း နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်ကဲ့သို့သော ဓာတ်ငွေ့များကို ထည့်သွင်းထားသော ဆလင်ဒါဘူးများကို သိုလှောင်ထားရှိကြောင်း အမေရိကန်ကြည်းတပ်၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

သိုလှောင်ရုံအတွင်း မည်သည့်တပ်ဖွဲ့ဝင်မျှရှိမနေကြောင်း၊ နေ့ဘက်တွင်မူ လူ ၂၀၀ ခန့် အလုပ်လုပ်ကိုင်ရာ နေရာတစ်နေရာဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ကျိုဒို။**



## အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ရထားလမ်းကူးတွင် ရထားနှင့် လော်ရီကား တိုက်မိ၊ ငါးဦးသေဆုံး

**နယူးဒေလီ ဩဂုတ် ၂၄**

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ ရထားလမ်းကူးတစ်နေရာတွင် အမြန်ရထားတစ်စင်းနှင့် လော်ရီကားတစ်စီးတို့ တိုက်မိမှုဖြစ်ပွားရာ ငါးဦးထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။



ဩဂုတ် ၂၄ ရက်အစောပိုင်းက ဖြစ်ပွားသော ယင်းဖြစ်စဉ်တွင် အမြန်ရထား၏ တွဲလေးတွဲလမ်းချော်ခဲ့ကြောင်း ဘင်္ဂလိုမြို့ အခြေစိုက်ရထားလုပ်ငန်းဌာနခွဲ မန်နေဂျာ ဆန်ဂျေးအဂါဝါက ပြောကြားသည်။

မတော်တဆမှုကြောင့် သေဆုံးခဲ့ရသူများတွင် ကာနာတာကာပြည်နယ်မှ ပါလီမန်အမတ်တစ်ဦးလည်း ပါဝင်ကြောင်း၊ လော်ရီကားယာဉ်မောင်းမှာလည်း သေဆုံးခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

ရထားလမ်းကူးတွင် လူအစောင့်ရှိပြီး မီးနီဖြင့် အချက်ပြခဲ့သော်လည်း လော်ရီကားမှာ ရပ်တန့်ရန် ကြိုးပမ်းစဉ် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ ရထားလမ်းကူးဂိတ်ကို ဝင်တိုက်မိပြီးနောက် အမြန်ရထားနှင့် တိုက်မိခြင်းဖြစ်သည်။

ကာနာတာကာပြည်နယ် မြို့တော်ဘင်္ဂလိုမှ မဟာရာရှတြာပြည်နယ်ရှိ နန်းဒက်မြို့သို့ ခုတ်မောင်းသော အမြန်ရထားနှင့် လော်ရီကား တိုက်မိမှုတွင် ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၂ နာရီခွဲခန့်တွင် အင်ဒရာပရာဒေ့ရှ်ပြည်နယ် အင်နာတာပူးရ်ခရိုင်၌ မတော်တဆမှု ဖြစ်ပွားခဲ့သည်။ ရထားနှင့် တိုက်မိသည့် လော်ရီကားပေါ်တွင် နှမ်းဖတ်ကျောက် ကျောက်တုံးကြီးများကို သယ်ဆောင်လာခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပီတီအိုင်။**

အားကစား



# ဂျိုကိုဗစ်ချ် အားအနိုင်ယူပြီး ဖက်ဒဲရာ စင်စင်နတီမာစတာစီးရီးဖလားဆွတ်ခူး

လက်ရှိချန်ပီယံ ရော်ဂျာဖက်ဒဲရာဟာ ကမ္ဘာ့အဆင့်(၁)ဂျိုကိုဗစ်ချ်ကိုအနိုင်ယူပြီး လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သလို ဒီနောက်ပိုင်းပြိုင်ပွဲတွေမှာ ဂျိုကိုဗစ်ချ်ကို အနိုင်မယူနိုင်ခဲ့တာကြာမြင့်နေခဲ့တဲ့ မှတ်တမ်းဆိုးကိုလည်း ရပ်တန့်နိုင်ခဲ့ပါတယ်။ ဖက်ဒဲရာက ယခုပွဲမှာ ဂျိုကိုဗစ်ချ်ကို လျင်မြန်တဲ့ စပေးဘောတွေနဲ့ ခြိမ်းခြောက်မှုတွေပြုခဲ့သလို ပြိုင်ဘက်ကို အနီးအဝေး ရိုက်ချက်တွေနဲ့ အမျိုးမျိုးလှည့်စားပြီး ၃-၁နဲ့ အချိန်တိုတိုအတွင်း ဖြိုလှဲလိုက်နိုင်ပါတယ်။

ဒီနိုင်ပွဲကြောင့် ဖက်ဒဲရာဟာ သုံးရက်အတွင်းကမ္ဘာ့အဆင့်(၁)နဲ့(၂) တင်းနစ်ကစားနှစ်ဦးဖြစ်တဲ့ ဂျိုကိုဗစ်ချ်နဲ့ အင်ဒီမာရေးကို အနိုင်ယူပြီး ချန်ပီယံဆုကို ရယူနိုင်ခဲ့တဲ့အတွက် သူ့အတွက် အလွန်တရာ ချိုမြိန်လှတဲ့ အောင်ပွဲလည်းဖြစ်ခဲ့ပါတယ်။ ဖက်ဒဲရာအနေနဲ့ ယခုပွဲမှာသူ့ရဲ့သမ္မာကိုပြသနိုင်ခဲ့ပြီး စပေးဘောတွေမှာ ပိုက်ထိချက်တွေများခဲ့တာက လွဲရင်တစ်ပွဲလုံးမှာ အမှားအယွင်းမရှိလောက်အောင်ကို သေသေသပ်သပ်နဲ့ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။

ဒါပေမယ့် ဖက်ဒဲရာအနေနဲ့ ကမ္ဘာ့အဆင့်(၃) နေရာအထိကျဆင်းခဲ့တာက မွန်ထရီရယ် အိုးပင်းအပါအဝင် ဝင်လ်ဘယ်လ်ဒန်အိုးပင်းပြီးတဲ့နောက်မှာ ဘယ်ပြိုင်ပွဲကိုမှ ဝင်ရောက်ယှဉ်ပြိုင်မှု မရှိခဲ့လို့ပဲဖြစ်ပါတယ်။ ဒါကလည်း သူ့အသက်အရွယ်အရ တင်းနစ်လောကမှာ ရေရှည်ရပ်တည်နိုင်ဖို့ ပြိုင်ပွဲတိုင်းကို ဝင်နွှဲဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စရပ်ဖြစ်နေလို့ပါပဲ။

ဂျိုကိုဗစ်ချ်က “တကယ့်ကို ပွဲကြီးပွဲကောင်းမှာ ကျွန်တော်အရေးနိမ့်ခဲ့တာပါ။ ဒါပေမယ့် သူကအတွေ့အကြုံရင့်ကျက်နေသူဆိုတော့ ပြိုင်ပွဲကို လျင်လျင်မြန်မြန်ပွဲသိမ်းနိုင်ဖို့ ပါးနပ်မှုအပြည့်နဲ့ လှည့်စားနိုင်ခဲ့တာဖြစ်ပါတယ်”လို့ ချီးကျူးစကားပြောကြားခဲ့ပါတယ်။

ဖက်ဒဲရာဟာ စင်စင်နတီမာစတာစီးရီးချန်ပီယံဆုကို ၂၀၁၀၊ ၂၀၁၂နဲ့ ၂၀၁၄တွေမှာ လည်းဆွတ်ခူးထားသူဖြစ်တဲ့အတွက် ဒီဖလားဟာသူ့အတွက် ၂၄ ခုမြောက်မာစတာစီးရီးချန်ပီယံဖလားဖြစ်သလို ၈၇ခုမြောက် အေတီပီဖလားလည်းဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၅ အတွင်း ဂရင်းစလင်းဖလားသုံးပွဲယှဉ်ပြိုင်ခဲ့အပြီးမှာ အခုထိဘယ်ဖလားမှ ရယူနိုင်ခြင်းမရှိတာကတော့ သူ့အတွက် စိတ်ပျက်စရာဖြစ်နေမှာပါ။ ဒါကြောင့် ဒီနှစ်မှာတော့ ဂရင်းစလင်းလက်မဲ့ရာသီသုံးနှစ်ဆက်တိုက်မဖြတ်သန်းရလေအောင် တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်တဲ့ အမေရိကန်အိုးပင်းမှာပဲ ဗိုလ်စွဲဖို့ အားထုတ်ရတော့မှာဖြစ်ပါတယ်။

(နိုင်ယန်းဟောင်)

## စတာလင်ထွက်ခွာသွားသော လီဗာပူးအပေါ် ကရုဏာစိတ်မဖြစ်မိသော အာစင်ဝင်းဂါး

အာဆင်နယ်အနေဖြင့် ဗန်ပါစီထွက်ခွာသွားပြီးနောက် တိုက်စစ်ပြဿနာအပြင်းအထန်ရင်ဆိုင်နေရချိန်တွင် ဆွာရက်ဇ်အားမရောင်းချခဲ့သော လီဗာပူးကို ဒေါသဖြစ်မိသဖြင့် စတာလင်ထွက်ခွာသွားခြင်းအပေါ် ကရုဏာစိတ်မဖြစ်မိဟု ဝင်းဂါးကထုတ်ဖော်ပြောကြားလိုက်သည်။ စတာလင်သည် ပြီးခဲ့သည့်ဇူလိုင်လအတွင်း လီဗာပူးမှ မန်စီးတီးသို့ပြောင်းရွှေ့ကြေးပေါင် ၄၉ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

ဝင်းဂါးက“ လီဗာပူးက သူတို့ကစားသမားတွေကို ပြိုင်ဘက်အသင်းဆီကို ဘယ်တော့မှ မရောင်းချတဲ့အသင်းပါ။ အခု စတာလင်ကို သူတို့အသင်းမှာ ဆက်ရှိဖို့ မထိန်းထားနိုင်တော့ဘူး။ လွန်ခဲ့တဲ့နှစ်နှစ်က ဆွာရက်ဇ်ကို ကျွန်တော်တို့အသင်းကလိုချင်တာ သူတို့အသင်းက မရောင်းခဲ့တဲ့အတွက် ဒီစတာလင်ကိစ္စအပေါ် သနားစိတ်တော့မဖြစ်မိပါဘူး။ ဒါပေမယ့် လီဗာပူးအတွက် ကံကောင်းတာက စတာလင်ထွက်သွားပေမယ့် ဖာမီနိုကို အစားထိုး ခေါ်ယူနိုင်တာပါပဲ။ ၂၀၁၃ က ဆွာရက်ဇ်၊ စတားရစ်ချ်နဲ့ စတာလင်တိုက်စစ်တွဲက ဂိုး၁၀၀ကျော်သွင်းနိုင်ခဲ့တာမျိုးကတော့ ဘယ်လိုမှမဖြစ်နိုင်လောက်ပါဘူး” ဟုဆိုခဲ့သည်။

အာဆင်နယ်သည် ဆွာရက်ဇ်အတွက်ပြောင်းရွှေ့ကြေးပေါင် သန်း၄၀ဖြင့် ကမ်းလှမ်းခဲ့သော်လည်း လီဗာပူးမှမရောင်းချခဲ့ဘဲ နောက်နှစ်တွင် ဘာစီလိုနာသို့ရောင်းချခဲ့ခြင်းကြောင့် ဝင်းဂါးမှာ အထက်ပါအတိုင်း မကျေမနပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဝင်းဂါးက လီဗာပူးအနေဖြင့် ဆွာရက်ဇ်၏တိုက်စစ်ကွက်လပ်ကို ဖြည့်ဆည်းရန်မည်သို့မျှဖြစ်နိုင်မည်မထင်ကြောင်း၊ ဆွာရက်ဇ်မှာ ထိပ်တန်းကစားသမားဖြစ်ခြင်းကြောင့် အာဆင်နယ်သို့ မရောင်းချခဲ့သည့် လီဗာပူး၏လုပ်ရပ်အပေါ် မမေ့နိုင်သေးကြောင်း ဆိုခဲ့သည်။

[မေလွဲသင်း]



## ချယ်လ်ဆီးရှုံးပွဲကြုံလျှင် လူအများပျော်ရွှင်ကြသည်ဟု မော်ရင်ဟိုဆို

ချယ်လ်ဆီး၏ ယခုနှစ်ပရီမီယာလိဂ်နိုင်ပွဲစတင်ရရှိမှုကြောင့် ချန်ပီယံအသင်းကို ရှုံးနိမ့်စေချင်သည့် လူအများ စိတ်ပျက်သွားကြသည်ဟု ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက အငြင်းပွားဖွယ်ရာစကားကို မှတ်ချက်ပြုပြောကြားခဲ့သည်။ ချယ်လ်ဆီးသည် ပွဲချိန် ၅၄မိနစ်၌ အသင်းခေါင်းဆောင်ဂွန်တယ်ရီ အနီကတ်ပြသထုတ်ပယ်ခံခဲ့ရသော်လည်း ပွဲအပြီးတွင် သုံးဂိုး-နှစ်ဂိုးရလဒ်ဖြင့် ဝက်စ်ဘရွန်းကိုအနိုင်ကစားကာ ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။

မော်ရင်ဟိုက ဂွန်တယ်ရီ၏အနီကတ်ပြစ်ဒဏ်အပေါ် ၎င်းအနေဖြင့်မည်သည့်မှတ်ချက်မျှမပေးလိုဘဲ အသံတိတ်နေထိုင်ခြင်းကသာ ပိုမိုကောင်းမည်ဖြစ်ကြောင်း၊သို့သော် ချယ်လ်ဆီး၏ ယခုပွဲအနိုင်ကြောင့် ချန်ပီယံအသင်း၏ ကျရှုံးမှုကို မြင်ချင်သည့် လူအများမှာမူ စိတ်ပျက်သွားမည်ဖြစ်ကြောင်း၊သုံးပွဲကစားပြီးချိန်တွင် ရမှတ်လေးမှတ်သာရရှိခြင်းမှာ ချန်ပီယံဆုအတွက်မလုံလောက်သော်လည်း ယခုနိုင်ပွဲမှ အစပြု၍နောက်ပိုင်းပွဲစဉ်များအားလုံးတွင် အနိုင်ရယူရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မော်ရင်ဟိုသည် ပေါ်တူဂီ၊အီတလီ၊အင်္ဂလန်မြေနှင့် စပိန်တို့တွင်နည်းပြအဖြစ် အသက်မွေးဝမ်းကျောင်းမှုပြုသည့် ကာလတစ်လျှောက်ပြိုင်ဘက်နည်းပြများအပေါ် အငြင်းပွားဖွယ်ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊တစ်ဖက်အသင်းမှကစားသမားများ၏ ကစားဟန်နှင့်ပတ်သက်၍ မကြာခဏဝေဖန်လွန်းခြင်း၊ မိမိအသင်းကိုယ်မိမိလွန်ကဲစွာ အမွှမ်းတင်လွန်းသောကြောင့် မီဒီယာစာမျက်နှာများထက်တွင် နေရာယူမှုအများဆုံးနည်းပြတစ်ဦးလည်းဖြစ်သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ချယ်လ်ဆီးသည် ပရီမီယာလိဂ်အင်အားကြီး ပြိုင်ဘက် မန်စီးတီးအား သုံးဂိုးပြတ်ဖြင့်အရေးနိမ့်ခဲ့ပြီးနောက် အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်ကအနည်းဆုံးကစားသမားသစ်သုံးဦး ထပ်မံခေါ်ယူရန်ငွေကြေးချထားပေးခဲ့ရာ ဘာဘာရာမန်နှင့် ပက်ဒရိုတို့အားခေါ်ယူနိုင်ခဲ့ပြီး ယခုကဲ့သို့ ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီ ဂျူဗင်တပ်ကွင်းလယ်လူ ပေါ့ဘာနှင့် အဲဗာတန်နောက်ခံလူ ဂွန်စတုန်းတို့အား ခေါ်ယူရန် ပေါင်သန်း၁၀၀ကျော်အသုံးပြုကာ အရှိန်မြှင့်ဆက်လက်လုပ်ဆောင်ဆဲဖြစ်သည်။

[မေလွဲသင်း]

## နွေရာသီဈေးကွက်မပိတ်သိမ်းမီ ကစားသမားသစ်သုံးဦးအထိ ခေါ်ယူရန် အဲဗာတန်စီစဉ်

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီကာလအတွင်း ကစားသမားသစ်သုံးဦးအထိ ထပ်မံခေါ်ယူသွားရန် စီစဉ်ထားကြောင်း အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။

အဲဗာတန်အသင်းသည် ကစားသမားသစ်သုံးဦးခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိရာတွင် အဲဗာတန်အသင်း၏ တိုက်စစ်ပိုင်းအတွက် ဒိုင်နမိုကိဗ်တိုက်စစ်မှူး ယာမိုလန်ကာအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး အဆိုပါတိုက်စစ်မှူး ယာနိုလန်ကာသည် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းသို့ ပြောင်းရွှေ့ကစားရန်ရှိနေကြောင်း သိရသည်။

ထို့ပြင် အဲဗာတန်အသင်းသည် ရစ်ဗာပလိတ်အသင်းမှ အသက်(၂၂)နှစ်အရွယ်ရှိ ဥရုဂွေးတိုက်စစ်မှူး လန်ဒရို ရိုဒရီဂွက်ဇ်ကိုလည်း ခေါ်ယူသွားရန်စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။ ၎င်းသည် ရစ်ဗာပလိတ်အသင်းနှင့်အတူ ပွဲပေါင်း ၇၁ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၉ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည်။

အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ်သည် မန်ယူအသင်း၏ တောင်ပံကစားသမား ဂျာနူဇက်ကိုလည်း အငှားစာချုပ်ဖြင့် ခေါ်ယူသွားရန်စိတ်ဝင်စားလျက်ရှိသည်။ ယင်းမှာ မန်ယူအသင်းနည်းပြ ဗန်ဟားလ်အနေဖြင့် အသက်(၂၀)အရွယ်ရှိ ဘယ်လ်ဂျီယံတောင်ပံကစားသမား ဂျာနူဇက်ကို အငှားစာချုပ်ဖြင့် သွားရောက်ကစားခွင့်ပြုရန် စီစဉ်ထားခြင်းကြောင့်လည်းဖြစ်သည်။

(ငွေကြယ်)



## မန်ယူပစ်မှတ်ထားနေသည့် မူလာ အား ဘိုင်ယန်ရောင်းမည်မဟုတ်ဟုဆို

ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ခေါ်ယူရန် ပစ်မှတ်ထားနေသည့် သောမက်မူလာ အပါအဝင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာရန်ရှိနေသည့် မည်သည့်ကစားသမားကိုမဆို ရောင်းချသွားမည်မဟုတ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဆမ်မာက ထုတ်ဖော်ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်း၏ ဗဟိုခံစစ်မှူး ဒန်တီးသည် ဘွန်ဒက်လီဂါပြိုင်ဘက် လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိနေစဉ်တွင် နည်းပြဗန်ဟားလ်၏ မန်ယူအသင်းကလည်း ဂျာမနီ တိုက်စစ်မှူး မူလာအား ခေါ်ယူသွားရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဘိုင်ယန်မြူးနစ်အသင်းတွင် လက်ရှိကစားလျက်ရှိသည့် ကစားသမားများသည် ဘိုင်ယန်မြူးနစ်အသင်းအတွက် အရေးပါသည့်ကစားသမားများဖြစ်သည့်အပြင် ယခုနှစ်နွေရာသီအပြောင်းအရွှေ့တွင် မူလာအား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်ခဲ့သည့် ကလပ်အသင်းများ၏ ကမ်းလှမ်းမှုများကိုလည်း ငြင်းဆိုထားခဲ့ကြောင်း သိရသည်။

Ei
vi;
lun

ဥပဒေကြမ်း

# လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ )

လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်        ။)
၁၃၇၇ ခုနှစ်၊        လ        ရက်
( ၂၀၁၅ ခုနှစ်၊        လ        ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လက်နက်အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(၃)တွင်ပါရှိသော " knives of such other kinds " ဆိုသည့် စကားရပ်နောက်တွင် " and substances " ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ လက်နက်အက်ဥပဒေ ပုဒ်မ ၆ တွင်ပါရှိသော " by land " ဆိုသည့် စကားရပ်၏နောက်တွင် "or by air " ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ လက်နက်အက်ဥပဒေ ပုဒ်မ ၁၉ တွင်ပါရှိသော " shall be punished with imprisonment for a term which may extend to three years, or with fine, or with both " ဆိုသည့် စကားရပ်ကို "shall be punished with imprisonment for a term which may extend from a minimum of six months to a maximum of five years and shall also be liable to fine not exceeding five hundred thousand kyats." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ လက်နက်အက်ဥပဒေ ပုဒ်မ ၁၉-က တွင်ပါရှိသော " shall be punished with rigorous imprisonment for a term with may extend to seven years:" ဆိုသည့် စကားရပ်ကို " shall be punished with imprisonment for a term which may extend from a minimum of three years to a maximum of seven years and shall also be liable to fine not exceeding five hundred thousand kyats." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၀ တွင်ပါရှိသော " shall be punished with imprisonment for a term which may extend to seven years , or with fine, or with both. " ဆိုသည့် စကားရပ်ကို " shall be punished with imprisonment for a term which may extend from a minimum of three years to a maximum of seven years and shall also be liable to fine not exceeding five hundred thousand kyats. " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၁ တွင်ပါရှိသော "six months" ဆိုသည့် စကားရပ်ကို " one year " ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ " five hundred kyats " ဆိုသည့် စကားရပ်ကို " fifty thousand kyats " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၈။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၂ တွင်ပါရှိသော "six months" ဆိုသည့် စကားရပ်ကို " one year " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " five hundred kyats " ဆိုသည့် စကားရပ်ကို "fifty thousand kyats " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၉။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၃ တွင်ပါရှိသော "one month" ဆိုသည့် စကားရပ်ကို " one year " ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ " two hundred kyats " ဆိုသည့် စကားရပ်ကို " five hundred thousand kyats " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၀။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၉ တွင်ပါရှိသော " district magistrate" ဆိုသည့် စကားရပ်ကို " administrator of the Department of Township General Administration " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ လက်နက်အက်ဥပဒေ ပုဒ်မ ၃၂ တွင်ပါရှိသော "one month" ဆိုသည့် စကားရပ်ကို "one year " ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ " two hundred kyats" ဆိုသည့် စကားရပ်ကို " fifty thousand kyats " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

---

# ရန်ကုန်စတော့အိတ်ချိန်း(Yangon Stock Exchange YSX) တွင်အစုရှယ်ယာ မှတ်ပုံတင်ရောင်းချခွင့်ပြုသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ စံနှုန်းများ ဟောပြော

**ရန်ကုန် ဩဂုတ် ၂၄**

နိုဝင်ဘာလတွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ပုဒ်မ-၄၁(ခ) နှင့်အညီ ဖွင့်လှစ်တော့မည့် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange YSX)တွင် မှတ်ပုံတင်၍ အစုရှယ်ယာ ရောင်းချခွင့်ပြုသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏အရည်အသွေး စံနှုန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းဟောပြောကို ရန်ကုန်မြို့ သခင်မြပန်းခြံအနီး မြန်မာနိုင်ငံစာရင်းစစ်အဖွဲ့ချုပ် စာရင်းကိုင်သင်တန်းကျောင်း၌ Yangon Stock Exchange တွင်ပါဝင်မည့် Public Company Listing Criteria များအကြောင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဟောပြောခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်းဖွင့်လှစ်ဆောင်ရွက်ရန် ၉၇ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ YSX ဖွင့်လှစ်ပြီး နောက်ပိုင်းတွင် လုပ်ငန်း(၆)မျိုးကို ထပ်မံလုပ်ဆောင်သွားရန်ရှိနေသေးကြောင်း၊ ဥပဒေများလည်း ထပ်ဖြည့်ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ Generation by Generation ဆက်လက်ဆောင်ရွက်သွားရန်နှင့် ကုမ္ပဏီများ၏အရည်အသွေးကိုလည်း မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ Listing Criteria နှင့်ကိုက်ညီမှုမရှိသေးသဖြင့် ဒုတိယအဆင့်တွင် ကုမ္ပဏီဥပဒေပြောင်းလဲလာမှသာ Joint Venture ဖက်စပ်လုပ်ငန်းများကို ပါဝင်ခွင့်ပြုမည်ဖြစ်ပြီး၊ Private ကုမ္ပဏီများအနေဖြင့်လည်း going public ကုမ္ပဏီများအနေဖြင့် နောက်ပိုင်းပါဝင်ဆောင်ရွက်လာနိုင်ရန်ရှိကြောင်းနှင့် တတိယအဆင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို Private/Public ပြောင်းကာ YSX တွင် ပါဝင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

မြန်မာစာရင်းကောင်စီ၏မူများ၊ မြန်မာနိုင်ငံကုမ္ပဏီဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ဩဂုတ် ၁၄ ရက်က ရွေးချယ်ထားသည့် Listing Criteria (၁၇) ချက်နှင့်ကိုက်ညီသည့် ကုမ္ပဏီစာရင်းများကို ဩဂုတ်လကုန်တွင် ကြေညာသွားမည်ဖြစ်ပြီး အများပြည်သူများအား စတော့ဈေးကွက်ဆိုင်ရာ ဗဟုသုတများကိုလည်း မီဒီယာများမှတစ်ဆင့် မျှဝေသွားရန် မီဒီယာ Press Show ကိုလည်း ပြုလုပ်ပေးမည်ဟု သိရသည်။

နိုင်ငံတကာစတော့အိတ်ချိန်းတွင် Listing Criteria ၁၀ ချက်သာထားရှိသော်လည်း မြန်မာနိုင်ငံတွင်မူ မြန်မာစံနှုန်းဖြင့် Listing Criteria ၁၇ ချက်ထားရှိသည်။ ယင်း ၁၇ ချက်တွင် အများသက်ဆိုင်သည့် လီမိတက်ကုမ္ပဏီများဖြစ်ပြီး အစုရှယ်ယာဝင် ၁၀၀ အထက်ရှိရမည်ဖြစ်သည်။ လျှောက်ထားကုမ္ပဏီများသည် အနည်းဆုံးကျပ်သန်း ၅၀၀ ရှိထားရမည်ဖြစ်ပြီး လုပ်သက်နှစ်နှစ်ရှိရမည်ဖြစ်သည်။

ယင်းကုမ္ပဏီများ၏ ဒါရိုက်တာများသည် အကျင့်စာရိတ္တကောင်းမွန်ရမည်ဖြစ်ပြီး အခွန်တာဝန်ကျေပွန်ရမည်။ ကုမ္ပဏီနှင့်ပတ်သက်သည့် အများပြည်သူသိသင့်သော အချက်အလက်များအား (အထူးသဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များကို YSX ရုံးနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ထံ ထုတ်ဖော်တင်ပြရမည်ဖြစ်သည်။ ဥပဒေစည်းမျဉ်းစည်းကမ်းများ စနစ်တကျလိုက်နာရန် Compliance Officer ခန့်ထားဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်မှုပုံစံ၊ လုပ်ငန်းဆောင်ရွက်မည့်ဝန်းကျင်နှင့် ဆုံးရှုံးမှုအလားအလာဆိုင်ရာ အချက်အလက်များ (Risks) ကို စီမံချက်ထားရှိဆောင်ရွက်ရန်၊ အတွင်းသတင်းအချက်အလက်သိရှိသူများက ကြိုတင်ရောင်းဝယ်ဆောင်ရွက်ခြင်းများ မပြုလုပ်နိုင်ရန် Insider Trading ကို စနစ်တကျကာကွယ်တားဆီးဆောင်ရွက်ရမည်။ ကောင်းမွန်သောကုမ္ပဏီအတွင်း ကောင်းမွန်သောစီမံအုပ်ချုပ်မှုကို ထိခိုက်စေသည့် မလျော်ကြံဇာသုံးခြင်းများမရှိအောင် ဆောင်ရွက်ထားရမည်။ အနာဂတ်တွင် တည်ငြိမ်သောအမြတ်ရရှိရန် အကြောင်းအကျိုးညီညွတ်သော မျှော်မှန်းချက်ရှိရမည်စသည့်အချက်များ ပါဝင်ပါသည်။

ပထမအချက်တွင် အစုရှယ်ယာရောင်းချမည့်ကုမ္ပဏီများ၏စံသတ်မှတ်ချက် Listing Criteria (၁၇) ချက်နှင့် ညီ-မညီဆန်းစစ်ပြီး မညီပါက ညီအောင်လုပ်ရန်လိုကြောင်း၊ ဒုတိယအချက်တွင် အစုရှယ်ယာရောင်းချခြင်းတွင်ပါဝင်ကူညီရောင်းချမည့်ကုမ္ပဏီများအနေဖြင့် Service Provider (Securities ကုမ္ပဏီ) များကိုလည်း ရွေးချယ်ထားပြီးကြောင်း၊ ရင်းနှီးမြှုပ်နှံမည့်သူများ အလိမ်မခံရစေရန် ကာကွယ်ပေးထားကြောင်း ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

ကမ္ဘာ့နိုင်ငံ ICT ကိုသုံးပြီး နိုင်ငံများတွင် ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း IT အီလက်ထရွန်နစ်သုံးပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စတော့အိတ်ချိန်းကဏ္ဍသည် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများနှင့်လည်း လျော်ကန်ကိုက်ညီမှုရှိကြောင်း သိရသည်။

Listing လျှောက်ထားသည့် ကုမ္ပဏီများထဲမှ အများဆုံးပိုင်ဆိုင်သည့် ကုမ္ပဏီများထဲတွင် KBZ ကုမ္ပဏီအုပ်စုသည် ကျပ်သန်းပေါင်း ၁၁၃၀၀၀ ဖြင့် ပထမနေရာတွင်ရှိပြီး ရတနာပုံတယ်လီပို့စ်ကုမ္ပဏီသည် ဒုတိယ၊ အာမခံကုမ္ပဏီတစ်ခုက တတိယနေရာတွင်ရှိနေကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

---

# ကျွဲနွားများ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး၍ ကျွဲနွားစား နေဗီယာမြက်စိုက်ပျိုးဖြစ်ထွန်းမှု စစ်ဆေး

**ကော့သောင်း ဩဂုတ် ၂၄**

ကော့သောင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါကာကွယ်ရေးအတွက် တောင်သူများမွေးမြူထားသည့် ကျွဲ၊ နွားများအား ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆောက်ရွက်မှုတွင် ကော့သောင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒေါက်တာညီညီလွင်က ကျေးရွာတောင်သူဦးကြီးများနှင့်တွေ့ဆုံကာ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန်မွေးမြူထားသည့် တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာနည်းလမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကော့သောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာနိုင်တင်ထွဋ်နှင့် ဝန်ထမ်းများက ဘန်းကချွန်ကျေးရွာအုပ်စု၊ (၁၅) မိုင်ကျေးရွာနှင့် (၁၉) မိုင်ကျေးရွာများမှ တောင်သူများ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန်မွေးမြူထားသည့် ကျွဲ၊ နွားအကောင် ၂၁၀ အား ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို ဆောင်ရွက်ကြပြီး ကျေးရွာစားကျက်မြေတွင် ကျွဲ၊ နွားစား နေဗီယာမြက်စိုက်ပျိုးဖြစ်ထွန်းမှုများကို ကြည့်ရှုပြီး လိုအပ်သည့်နည်းပညာများ ကူညီပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း- ပြန်/ဆက်)**

---

# အစားအသောက်ကြီးကြပ်ရေးအဖွဲ့မှ အိုင်အိုဒင်းဆားနှင့်အသားများစစ်ဆေး၍ အသိပညာပေး

**တနင်္သာရီ ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အစားသောက်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၏ လမ်းညွှန်ချက်၊ ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များအရ ဒေသခံမိဘပြည်သူများ အိုင်အိုဒင်းပြည့်ဝမှုမရှိသည့်ဆားနှင့် သန်ကောင်ပါအသားများ မစားသုံးမိစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးရည်ရွယ်လျက် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီမှစ၍ ဆားနှင့်အသားအဓိကရောင်းချနေသော အောင်မင်္ဂလာ(၂) ကုန်စုံဈေးအတွင်းမှ ဈေးဆိုင်များနှင့် လက်လီလက်ကားရောင်း ဈေးဆိုင်ကြီးများအား အဓိကထား၍ မြို့နယ်အစားသောက်ကြီးကြပ်ရေးအဖွဲ့ဝင်များ စုပေါင်းစစ်ဆေးကာ အကျိုးပြုလုပ်ငန်းများ အသိပညာပေးခဲ့ကြသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဟုန်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ် (တိမွေးကု) ဦးစီးအရာရှိ ဒေါက်တာဇော်မြင့်အောင်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန၊ ပြန်/ဆက် ဦးစီးဌာန ဝန်ထမ်းများ၊ ချောင်းကြီးရပ်ကွက်၊ ချောင်းငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးအသင်းအဖွဲ့ဝင်များ ပါဝင်ကြသည်။



ယင်းအဖွဲ့မှ လက်ရှိရောင်းချနေကြသည့်ဆားများ၊ သိုလှောင်ထားသည့်ဆားများကို IDD Test ဆေးရည်ဖြင့် ဆိုင်ပိုင်ရှင်များအား စမ်းသပ်ပြသ၍ အိုင်အိုဒင်းဓာတ်ပြည့်ဝမှု အဆင့်သုံးဆင့် (အရောင်) ခွဲခြားပြသကာ ပြည်သူများထံရောင်းချရန် သင့်-မသင့်၊ အိုင်အိုဒင်းဓာတ်ပြည့်ဝမှုမရှိသော ဆားများစားသုံးခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြပြီး မိမိကိုယ်တိုင် ဆားစမ်းသပ်ရောင်းချနိုင်ရန် IDD Test ဆေးဘူးများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် (တိမွေးကု)ဦးစီးအရာရှိဒေါက်တာဇော်မြင့်အောင်က ရောင်းချနေသော ဝက်သားများ၌ စားသုံးသူအများ ဥပဒ်ဖြစ်နိုင်သော သန်ကောင်ပိုးပါရှိခြင်းရှိ-မရှိ စစ်ဆေး၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

ကျန်းမာရေးဆောင်းပါး

# မိန်းကလေးတစ်ယောက်အနေဖြင့် တစ်ပတ်ကို ခေါင်းဘယ်နှကြိမ် လျှော်သင့်သလဲ

**à** ပေါက်ပေါက်

တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စတွေထဲမှာ ခေါင်းလျှော်ခြင်းကလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မိန်းကလေးတစ်ယောက်အနေနဲ့ တစ်ပတ်ကို ခေါင်းဘယ်နှကြိမ်လျှော်သင့်လဲဆိုတဲ့မေးခွန်းကို မဖြေခင် အအေးမပတ်အောင် ခေါင်းလျှော်နည်းကို ဦးစွာဖြေပေးပါ့မယ်။ မိုးရာသီနဲ့ ဆောင်းရာသီတွေမှာ ခေါင်းလျှော်ခြင်းက လူကို အအေးပတ်စေနိုင်ပါတယ်။ အထူးသဖြင့် ဆံပင်အုံကောင်းသူတွေ၊ ဆံပင်ထူသူတွေက နောက်စေ့ (ဦးခေါင်းအောက်ခြေ၏ အနောက်ဘက်)တစ်ဝိုက်မှာ အုံပြီးကိုက်ခဲနေတတ်တာမျိုးပါ။ အဲဒီလိုမဖြစ်ရအောင် ကျွန်မရဲ့ခေါင်းလျှော်နည်းကို အောက်ပါအတိုင်း မျှဝေပေးပါ့မယ်။

ကျွန်မက ခေါင်းကို ရက်သတ္တတစ်ပတ်ကို တစ်ကြိမ် (တနင်္ဂနွေနေ့) ပဲ လျှော်ပါတယ်။ (နွေခေါင်ခေါင် ပူပြင်းတဲ့ရာသီတွေမှာတော့ ချွေးထွက်တဲ့အခြေအနေပေါ် မူတည်ပြီး တစ်ကိုယ်ရေသန့်ရှင်းမှုအရ တစ်ပတ်ကို နှစ်ကြိမ်လျှော်ဖြစ်ပါတယ်။)

ဦးစွာ တစ်ခေါင်းလုံးအနှံ့က ဆံပင်တွေ စိုသွားအောင် ရေလောင်းချပါတယ်။ ပြီးရင် မိမိလျှော်နေကျ ခေါင်းလျှော်ရည် Shampoo နဲ့ ဦးရေပြားရော ဆံသားတွေအနှံ့ ကုတ်၍-ပွတ်၍-နှိပ်နယ်၍သော်လည်းကောင်း လျှော်ပါတယ်။

အားရပါးရ ပွတ်နယ်ပြီးတဲ့အခါမှာ လက်ခုပ်ထဲကို ရေနည်းနည်းစီထည့်၍ ငယ်ထိပ်၏အနောက်ဘက်ပေါ်သို့ လက်ခုပ်ထဲကထိုရေကို လောင်းပါတယ်။ ခေါင်းလျှော်ရည်နဲ့ ချေး(ဂျီး)ရည်တွေကို လက်နဲ့ဆုပ်၍ ညှစ်ချပါတယ်။ (မျက်စိထဲကို ခေါင်းလျှော်ရည်မဝင်အောင်လို့ ယခုလို ငယ်ထိပ်အနောက်ဘက်ပေါ်ကနေ ရေနဲ့ညှစ်ချခြင်းဖြစ်ပါတယ်။)

အထက်ပါနည်းအတိုင်း နှစ်ခါ သုံးခါ လောက်လုပ်ပြီးတဲ့အခါ နောက်ထပ် Shampoo ဖြင့် တစ်ခေါင်းလုံးအနှံ့ ဒုတိယအကြိမ် ပွတ်ပါတယ်။ (ကျွန်မက တစ်ပတ်မှာ တစ်ကြိမ်သာလျှင် ခေါင်းလျှော်တာကြောင့် ဦးရေပြားနဲ့ ဆံသားပေါ်က ချေးညှော်တွေ လုံးဝသန့်စင်စေဖို့အတွက် Shampoo ဖြင့် နှစ်ခါလျှော်ပေးခြင်းဖြစ်ပါတယ်။) ဒါပေမယ့် ဒီဒုတိယအကြိမ်မှာတော့ Shampoo ကို နည်းနည်းသာသုံးပါတယ်။

အဲဒီလိုလုပ်ပြီးတဲ့အခါမှာ Shampoo ကို နှပ် (နှျုး)ထားတဲ့အနေဖြင့် ရေချက်ချင်းလောင်းမချသေးဘဲ မိမိတစ်ပတ်စာသုံးခဲ့တဲ့ ဘီး၊ ဘီးကုပ်၊ ဆံညှပ်တို့ကို သွားတိုက်တံ (သွားပွတ်တံ) အဟောင်းဖြင့် ပွတ်တိုက်၍ ဆေးကြောသန့်စင်ပါတယ်။ ပြီးရင် ခေါင်းလျှော်ရည်ကို ညှစ်ချကာ၊ ရေများများဖြင့် စင်အောင်လျှော်ချပစ်ပါတယ်။ (ကျွန်မက Shampoo အမွှေးနံ့တွေ ပျောက်တဲ့အထိ ရေများများနဲ့ ဆေးကြောပါတယ်။ အကယ်၍ ဆံပင်မှာ Shampoo တွေ ကျန်နေတဲ့အခါ ဦးရေပြားနဲ့ ဆံသားကို ထိခိုက်စေပါတယ်။ ဒ့ါပြင် နောက်တစ်ပတ် တနင်္ဂနွေထိမခံတော့ဘဲ ၎င်း Shampoo အနံ့နှင့် ဦးခေါင်းကထွက်လာတဲ့ ချွေး-အဆီနံ့တွေ ဓာတ်ပြုပြီး ခေါင်းကို အနံ့ဆိုးထွက်စေတတ်ပါတယ်။)

စိတ်ကြိုက်သန့်စင်ပြီးတဲ့အခါမှာတော့ ဆံပင်သုတ်တဲ့ မျက်နှာသုတ်ပဝါကြီးနဲ့ တစ်ခေါင်းလုံးကရေတွေကို ပွတ်ပါတယ်။ အထူးသဖြင့် နောက်စေ့ကို မျက်နှာသုတ်ပဝါကြီးနဲ့ ခပ်ကြာကြာပွတ်ပါတယ် (က) ခေါင်းလျှော်တဲ့ မျက်နှာသုတ်ပုဝါနဲ့ (ခ) မျက်နှာနှင့် ခန္ဓာကိုယ်အတွက် ပုံမှန်ရေသုပ်တဲ့ မျက်နှာသုတ်ပုဝါဆိုပြီး နှစ်မျိုးခွဲခြားသုံးစွဲပါတယ်။ အဲဒီလို ခွဲခြားသုံးစွဲခြင်းက ဝက်ခြံမပေါက်စေအောင် ကြိုတင်ကာကွယ်လိုက်တာပေါ့နော်။

ပြီးရင် မျက်နှာသုတ်ပဝါကြီးနဲ့ တစ်ခေါင်းလုံးကို ပေါင်းထားပြီး သနပ်ခါးလိမ်းပါတယ်။ ပြီးရင် မျက်နှာသုတ်ပဝါကြီးကို ဖယ်လိုက်ပြီးတော့ ဆံပင်သွေ့ခြောက်စေတဲ့ Hair Dryer (လေမှုတ်စက်) ဖြင့် နောက်စေ့ကို လေမှုတ်ပါတယ်။ (က) ငယ်ထိပ်နဲ့ ချိုစောင်းကဆံသားတွေက သိပ်မကြာခင်မှာ သူ့အလိုလို ရေခြောက်သွားလေ့ရှိတာမို့ အဲဒီနေရာတွေကိုတော့ Dryer မမှုတ်ပါဘူး (ခ) နောက်စေ့ဘက်က ဆံသားတွေက တော်တော်နဲ့မခြောက်တတ်တာကြောင့် အအေးပတ်၊ ခေါင်းမကိုက်စေဖို့အတွက် အဲဒီ နောက်စေ့နေရာကို Dryer မှုတ်ပါတယ်။ (ဂ) Dryer ပူလွန်းရင် ဆံသားတွေကို ထိခိုက်စေတဲ့အပြင် ရေလျှော်ထားလို့ အေးနေတဲ့နေရာကို အပူပြင်းပြင်းတိုက်မိတဲ့အခါ အပူအအေး ရုတ်ချည်းထိတွေ့သွားကာ ဓာတ်ဖောက်ပြန်ပြီး ကျန်းမာရေးနဲ့မညီညွတ်စေတော့ပါဘူး။ ဒါကြောင့် Dryer အပူကို medium ခလုတ်သာထား၍ သုံးပါတယ်။ (ဃ) ကျွန်မက ဆံသားတွေ လုံးဝခြောက်သွေ့သွားတဲ့အထိ Dryer မှုတ်လေ့ မရှိပါဘူး။ သို့သော် ဦးရေပြားနဲ့ နောက်စေ့က ဆံသားတွေကို လက်နဲ့စမ်းကြည့်တဲ့အခါ တော်တော်လေး နွေးလာတဲ့အထိ Dryer မှုတ်ပါတယ်။

ပြီးရင် Hair Coat အနည်းငယ်ကို လက်ဖဝါးပေါ် ပွတ်ပြီးတော့ ဆံသားတွေကို လူးနယ်လိုက်ပါတယ်။ ဘီးသန့်သန့်နဲ့ ဆံနွယ်တွေကို ခပ်ဖြည်းဖြည်းချင်း ရှင်းထုတ်ပါတယ်။ ကျွန်မရဲ့ခေါင်းလျှော်နည်းကတော့ ဒီနေရာမှာ နိဂုံးတန်ပါပြီ။ တစ်ကိုယ်ရေသန့်ရှင်းမှုအနေနဲ့ ခေါင်းအုံးစွပ်တွေကို တစ်ပတ်တစ်ကြိမ် အသစ်လဲပါတယ်။ စောစောက သုံးထားတဲ့ ဆံပင်သုတ်တဲ့ မျက်နှာသုတ်ပဝါကြီးကိုလည်း လျှော်ပါတယ်။ ကိုယ်တိုက်မျက်နှာသုတ်ပဝါကိုလည်း တစ်ပတ်တစ်ကြိမ် လျှော်ပါတယ်။

မိန်းကလေးတစ်ယောက်အနေနဲ့ တစ်ပတ်ကို ခေါင်းဘယ်နှကြိမ်လျှော်သင့်လဲဆိုရင် လူတိုင်းမှာ မွေးရာပါ အသားအရေအမျိုးအစား မတူညီကြသကဲ့သို့ ဆံသားအမျိုးအစားလည်း ကွဲပြားခြားနားကြပါတယ်။

(က) ကျန်းမာသန်စွမ်းတဲ့ ဆံသား

(ခ) ပုံမှန်(အလယ်အလတ်) ဆံသား

(ဂ) ဆံသားအုံကောင်း (ဆံပင်ထူ)

(ဃ) ခြောက်သွေ့ (မွဲခြောက်ခြောက်) ဆံသားဆိုပြီးတော့ အခြေခံအားဖြင့် ဆံသားလေးမျိုးရှိပါတယ်။ အဲဒီလိုမတူညီတဲ့ ဆံသားအမျိုးအစားပေါ် မူတည်၍၊ ခေါင်းလျှော်တဲ့ အကြိမ်နှုန်းဟာလည်း အနည်းအများ ကွာဟမှုရှိပါတယ်။

၁။ ကျန်းမာသန်စွမ်းတဲ့ ဆံသားပိုင်ရှင်များအတွက်။

ကျန်းမာတဲ့ဆံသားတွေက အခြားဆံပင်အမျိုးအစားတွေထက် ပို၍အဆီစုပ်ယူမှု အားကောင်းကြတာကြောင့် daily use shampoo(ခေါ်)နေ့စဉ်သုံးရှမ်ပူအမျိုးအစားကို သုံးသင့်ပါတယ်။ တစ်ရက်ခြား(သို့)တစ်နေ့တစ်ကြိမ် ခေါင်းလျှော်ပေးနိုင်ပါတယ်။ (အဆီပြန်တဲ့ဆံပင်ကလည်း ကျန်းမာသန်စွမ်းတဲ့ ဆံသားအမျိုးအစားထဲမှာပါရှိနေပါတယ်။ အဆီအလွန်ပြန်တဲ့ ဆံသားပိုင်ရှင်များကတော့ dry shampoo ကိုသုံး၍ နေ့စဉ်ခေါင်းလျှော်ပေးရမှာပါ။)

၂။ ပုံမှန်ဆံသားပိုင်ရှင်များအတွက်။

သဘာဝဆံသားလို့ ခေါ်နိုင်ပါတယ်။ ဒီဆံသားတွေမှာ အပေါ်မှာဖော်ပြထားတဲ့ ကျန်းမာသန်စွမ်းတဲ့ ဆံသားတွေလောက် အဆီသိပ်မရှိတာကြောင့် ရက်သတ္တတစ်ပတ်မှာ နှစ်ကြိမ်(သို့)အများဆုံး သုံးကြိမ်လျှော်ရုံနှင့် လုံလောက်ပါတယ်။ အကယ်၍ အလယ်အလတ်ဆံသားတွေကို နေ့စဉ် ခေါင်းလျှော်မိတဲ့အခါမှာ ဦးရေပြားနှင့် ဆံသားများအဆီခန်းခြောက်စေတတ်လို့ ဆင်ခြင်သင့်ပါတယ်။ (ဗောက်ရှိသူတွေက Anti Dandruff Itchy Scalp ရှမ်ပူကို သုံးသင့်သလို ဆံသားကြမ်းသူများနှင့် ဆံပင်နှစ်ခွရှိသူများက Conditioner Shampoo ကို သုံးပေးဖို့လိုပါတယ်။)

၃။ ဆံသားအုံကောင်း (ဆံပင်ထူ)သူများအတွက်။

အမျိုးသမီးအများစုပိုင်ဆိုင်တဲ့ ဆံပင်အမျိုးအစားလေးပါပဲ။ ဆံသားထူပြီး ဆံပင်သဘာဝအကောက် လှိုင်းသားပါရှိနေလို့ ဦးရေပြားထံမှ အဆီတွေကို ဆံသားတွေဆီသို့ အလွယ်တကူ မပျံ့နှံ့စေတဲ့အတွက်ကြောင့် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်သာ ခေါင်းလျှော်ပေးရုံမျှဖြင့် လုံလောက်ပါတယ်။ (အခုလို ဆံသားပိုင်ရှင်တွေကလည်း အမှတ်စဉ် (၂) ကလို အလယ်အလတ် ဆံသားပိုင်ရှင်တွေ သုံးတဲ့ ရှမ်ပူအမျိုးအစားတွေကိုပဲ သုံးနိုင်ပါတယ်။)

၄။ ခြောက်သွေ့(မွဲခြောက်ခြောက်)ဆံသားများအတွက်။

ဒီဆံသား အမျိုးအစားက အမှတ်စဉ်(၁)ဆံသားနှင့် ပြောင်းပြန်ဖြစ်ပါတယ်။ ဦးရေပြားမှာ အဆီခန်း၍ ဆံပင်မွဲခြောက်ကာ ဆံသားများ နှစ်ခွ သုံးခွဖြစ်ပြီး ဆံပင်တွေ ပြတ်ထွက်လေ့ရှိပါတယ်။ ဒါကြောင့် နေ့စဉ် ခေါင်းမလျှော်သင့်ပါဘူး။ Oily Shampoo တစ်မျိုးတည်းကိုသာသုံးပါ (သို့)ဓာတုပစ္စည်းတွေပါဝင်မှုနည်းတဲ့ ရှမ်ပူကိုရွေးသုံးပါ။ conditioner ပေါင်းဆေးပါတဲ့ ရှမ်ပူကိုသုံးပေးပါ။ (အခုလို ဆံသားပိုင်ရှင်များဟာ ခေါင်းလျှော်ပြီးတဲ့အခါ လေပူစက်ဖြင့်မှုတ်တာမျိုး လုံးဝမလုပ်သင့်ပါဘူး။ ဆံသားခြောက်သွေ့ကြမ်းထော်စေလို့ပါပဲ။ ဒါကြောင့် ပုံမှန်သဘာဝလေဖြင့်သာ အခြောက်ခံခြင်း(သို့) လေအေးပေးပေးစက်ဖြင့် မှုတ်ခြင်းကိုသာ သုံးစွဲပေးပါ။)





**– မှတ်ချက် –**

(၁) မျက်စိကျန်းမာရေးအတွက်သာမက ဘက်ပေါင်းစုံကျန်းမာဖို့အတွက်ဆိုရင် မွန်းလွဲပိုင်းမှစ၍ ခေါင်းမလျှော်သင့်တော့ပါဘူး။

(၂) ရာသီဥတု မည်မျှပင်အေးပါစေ ရေနွေးနဲ့ ခေါင်းမလျှော်သင့်ပါဘူး။ မိမိခန္ဓာကိုယ်အပူရှိန်ထက် ပို၍ပူသော ရေနွေးဖြင့် ခေါင်းလျှော်ခြင်းက ဆံသားကိုကာကွယ်ပေးသည့် သဘာဝအဆီဓာတ်ကို ဆုံးရှုံးသွားကာ ဆံသားများ ခြောက်သွေ့၍ မာဆတ်ဆတ်ဖြစ်စေနိုင်ပါတယ်။

(၃) ခေါင်းလျှော်ပြီးစမှာ နားကို အလွယ်တကူသန့်စင်နိုင်ပါတယ်။ တစ်ခါသုံး နားကြပ်ဂွမ်းလုံးလေးတွေသုံး၍ နားထဲရှိ နဖာချေးကို သန့်စင်ပေးနိုင်ပါတယ်။

(၄) ဆံပင်အရှုပ်အထွေးကို ရှင်းလင်းရန်အတွက် ဦးစွာ ဆံပင်ထိပ်ဖျားပိုင်းမှဖြီးပါ။ ထို့နောက် ဆံသားများကို အသာအယာဆုပ်ကိုင်ပြီး ဆံပင်အရင်းပိုင်း (အမြစ်) မှ အောက်ခြေသို့ ဆွဲချဖြီးပါ။

(၅) ဖြစ်နိုင်ရင် ဆံပင်ကို ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ် သုံးကြိမ်သာ လျှော်ပေးသင့်ပါတယ်။ ထို့ထက် အကြိမ်ရေပိုလျှော်ခြင်းက ဆံပင်ကျွတ်ထွက်စေပြီး ဦးရေပြားအဆီကိုလည်း ခန်းခြောက်စေပါလိမ့်မယ်။

(၆) ဗောက်ထ၍ ဦးရေပြားယားယံခြင်းကလည်း ဆံပင်ကျွတ်ခြင်း၏ အဓိကသော့ချက်ဖြစ်ပါတယ်။ ဒါကြောင့် ဦးခေါင်းသန့်စင် တစ်ကိုယ်ရေကျန်းမာရေးအတွက် အချိန်ပေး၍ ဆောင်ရွက်ပေးလိုက်ပါ။

(၇) ဗောက်ထ၍ယားယံသော ဦးရေပြားများအတွက်ကတော့ itchy due to dandruff (သို့) itchy scalp anti dandruff စာတန်းပါတဲ့ ရှမ်ပူအမျိုးအစားကို ရွေးသုံးပါ။ ဗောက်ကိုသတ်ပေးတဲ့ ရှမ်ပူတွေမှာပါရှိတဲ့ ပစ္စည်းများဟာ ဆံသားကို အတန်ငယ်ကြမ်းစေတာကြောင့် ဆံသားကို နူးညံ့ပျော့ပျောင်းစေရန် ပေါင်းဆေးပါသော ရှမ်ပူ (သို့) smooth & silky စာတန်းပါသော ရှမ်ပူကိုပါ တွဲ၍သုံးပေးသင့်ပါတယ်။

(၈) ပလတ်စတစ်ဘီးဖြင့် ခေါင်းဖြီးခြင်းက ဦးရေပြားပူ၍ ဗောက်ထစေနိုင်၍ သစ်သားဘီးကိုသာ သုံးစွဲသင့်ပါတယ်။ ။




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## ပဋ္ဌာန်းပဏ္ဍာဝါရပါဠိတော်(ပါဠိ+အသံထွက်)

နေသူရိန်စီစဉ်ပူဇော်သည့် ပဋ္ဌာန်း ပဏ္ဍာဝါရ ပါဠိတော်(ပါဠိ+အသံထွက်)ကျင့်စဉ် စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်သည် ဝါတွင်းအဓိဋ္ဌာန်ဝင်လိုသူများ၊ ဓမ္မလက်ဆောင်ပေးလိုသူများအတွက် သင့်လျော်သည်။ သွားလိုသည့်နေရာများကို ယူဆောင်၍ ရွတ်ဖတ်ပူဇော်နိုင်သည်။ လက်တွေ့အသုံးချအဓိဋ္ဌာန်ဆောက်တည်နည်း၊ လိုအင်ဆန္ဒပြည့်ဝစေသော ရွတ်ဖတ်နည်း၊ အဓိဋ္ဌာန်စီရင်ပြုနည်း၊ ဆုတောင်းနည်းစသော အကြောင်းအရာများပါဝင်သည်။ ပဋ္ဌာန်းကျမ်းမှာ ကျယ်ဝန်းနက်ရှိုင်းပြီး အကျိုးကျေးဇူးများစွာပါဝင်သဖြင့် အန္တရာယ်ကင်း ဖြစ်စေ၊ ဘာသာရေးကို ရိုသေလေးစားသောအားဖြင့်ဖြစ်စေ၊ အကျင့်အမြတ်လမ်းသို့လိုက်သောအားဖြင့်ဖြစ်စေ ဖတ်ရှုပူဇော်နိုင်သည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉ ၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၈၀၀ ဖြင့် ဖြန့်ချိထား သည်။




## အရွက်မဟုတ်တဲ့ အစွမ်းထက်သိဒ္ဓိဝင်ဆေးမြင်းခွာ

"အရွယ်တင်နုပျိုစေတယ်၊ ဆံပင်ဖြူတောင်ပြန်နက်တယ်၊ အသက် ၁၆၀ ရှည်တဲ့ဆေး" နိုင်ငံတော်သံဃနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး၏ ဟောကြားချက်များကို မျိုးတင့်(ညောင်လေးပင်)က စုစည်းပြုစုပြီး ထုတ်ဝေလိုက်သည်။

နိုင်ငံခြားဆေးများကို ဈေးနှုန်းမြင့်စွာနှင့်ဝယ်ယူသုံးစွဲနေရသော အချိန်တွင် တန်ဖိုးနည်းပြီး ဘေးထွက်ဆိုးကျိုးမရှိသော အစွမ်းထက် ဆေးမြင်းခွာ၏ အကြောင်းကို မှတ်သားလေ့လာရမည်ဖြစ်သည်။ မြင်းခွာရွက်ကို လူတိုင်းသိမြင်နိုင်ကြသော်လည်း တိကျသေချာသော အစွမ်းနှင့်အသုံးဝင်ပုံတို့ကို စာအုပ်ဖတ်ခြင်းဖြင့် နားလည်နိုင်မည်ဖြစ်သည်။ ဆေးပင်၏အစွမ်းကို ထင်ရှားအောင်ရေးသားရာတွင် ဝတ္ထုဇာတ်လမ်း၊ အဖြစ်အပျက်သာဓကများဖြင့် ရှင်းလင်းထားသည့်အပြင် မှတ်သားရလွယ်ကူအောင် တင်ပြထားသဖြင့် လူတိုင်းလေ့လာသင့်သော စာအုပ်ဖြစ်သည်။ ထင်ရှားသောသိမ်ဖြူဆေးကျမ်းကဲ့သို့ ရုပ်ပုံများနှင့်တကွ ရှင်းလင်းစွာတင်ပြထား၍ လူတန်းစားမရွေးဖတ်ရှုနိုင်သည်။

စာအုပ်ကို နန်းဒေဝီစာပေ အမှတ်-၂၀၀(ပထမထပ်)၊ ၃၆ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၃၀၂၅ က တန်ဖိုး ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။



## ဗန်းမော်မြို့သားတစ်ဦး၏မှတ်တမ်း

ဗန်းမော်ဇော်အောင် ရေးသားပြုစုခဲ့သည့် ဗန်းမော်မြို့သားတစ်ဦး၏ မှတ်တမ်းစာအုပ်ထွက်ရှိလာသည်။ မြို့သမိုင်းများကို ရေးသားပြုစုသည့် စာအုပ်ပေါင်းများစွာရှိသည့်အနက် ယခုစာအုပ်မှာ တစ်မူထူးသည်ဟုဆိုနိုင်သည်။

စာရေးသူမှာ ဗန်းမော်မြို့သား ဦးသိန်းဟန် (ရွှေလယုန် သို့မဟုတ် ဗန်းမော်ဇော်အောင်) ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလက မျိုးချစ်ခေါင်းဆောင်များနှင့် ရင်းနှီးခဲ့သူ သတင်းစာဆရာတစ်ဦး ဖြစ်သည်။ ၁၉၇၆ ခုနှစ်က ဗန်းမော်မြို့၌ ကွယ်လွန်ခဲ့ပြီး မကွယ်လွန်မီက စာနယ်ဇင်းများတွင် ဆောင်းပါးများစွာ ရေးသားခဲ့သည့်အပြင် ပုံနှိပ်ထုတ်ဝေခြင်းမပြုရသေးသော ဗန်းမော်မှတ်တမ်းဟောင်းများကို သားဖြစ်သူက မပျောက်မပျက်သိမ်းဆည်းထားရာမှ ယခုအခါ စာအုပ်အဖြစ်ထုတ်ဝေလိုက်ခြင်းက ထူးခြားမှုပင်ဖြစ်သည်။

စာအုပ်တွင် သိရှိပြီးသော ဗန်းမော်မြို့သမိုင်းမှတ်တမ်းများအနက် တိမ်မြုပ်နေသော၊ ကျန်ရှိနေသော သမိုင်းအချက်အလက်များကို ထပ်မံ သိရှိနိုင်စေရန် ဖော်ပြထားသည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးသမိုင်းတွင် ဗန်းမော်မြို့သည် မည်သည့် နေရာ၊ မည်သည့်အခန်းကဏ္ဍက တာဝန်ယူရှင်သန်ဖြတ်သန်းခဲ့သည်ကို ဤစာအုပ်တွင် ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်သည်။

ထိုစာအုပ်ကို ဝန်ချတောင်စာပေ တိုက် (၁)၊ (၅)လွှာ (ယာ)၊ မြို့သစ်(၃)လမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၅၁၁၂၅၇၉ က တန်ဖိုးကျပ် ၂၀၀၀ဖြင့် ဖြန့်ချိထားသည်။



## အရှေ့ကမ္ဘာသို့ခရီးသွားခြင်း

သတိုးလွင်(ပထဝီဝင်) က အရှေ့တောင်အာရှမှ အနောက်အာရှကာတာနိုင်ငံအထိ၊ ထို့နောက်ကမ္ဘာ့တောင်ဘက်စွန်း ဩစတြေးလျနိုင်ငံအထိ ခရီးဆန့်ခဲ့ဖူးသောအတွေ့အကြုံများကို အရှေ့ကမ္ဘာသို့ ခရီးသွားခြင်းစာအုပ်တွင် မျှဝေထားသည်။

ထိုစာအုပ်တွင် မိမိတိုင်းပြည်ထက်ပိုမိုတိုးတက်သည့် အကြောင်းတရားများကို ရှာဖွေထားသည်။ မျိုးဆက်သစ် လူငယ်များတိုးတက်သည့် နိုင်ငံမှ အတွေ့အကြုံကောင်းများကို အတုယူကာ ကြိုးစားအားထုတ်စေချင်သော စေတနာများဖြင့် တင်ပြထားသည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းတွင် အစိုးရမူဝါဒပိုင်း၌ ပြုပြင်ပြောင်းလဲခဲ့သည့် အာရှနိုင်ငံအချို့၏ အနေအထားများကို ဖော်ပြထားသည်။ဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းကောင်းမွန်သော၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်နေသော ကမ္ဘာပေါ်ရှိနိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်လာရေးအတွက် နိုင်ငံတကာ အတွေ့အကြုံများကို ရယူရမည်ဖြစ်ရာ ဤစာအုပ်တွင် အတုယူဖွယ်ရာများတွေ့ရမည်ဖြစ်သည်။

စာအုပ်ကို အရဏ်သစ်စာပေ အမှတ် ၃၆၅/၃၆၇ ဗိုလ်ချုပ်အောင်ဆန်းလမ်း (၃၁) လမ်းထိပ် ပန်းဘဲတန်းမြို့ နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၀၁၉၉၊ ၀၁-၂၄၁၂၆၃ က တန်ဖိုးကျပ် ၄၀၀၀ဖြင့်ဖြန့်ချိထားသည်။





## ရွေးကောက်ပွဲနှင့်မီဒီယာ

ဟံဝင်း (Y.U.D.E) ရေးသားပြုစုသည့် မြန်မာနိုင်ငံရွေးကောက်ပွဲကာလမီဒီယာ၏ အခန်းကဏ္ဍရွေးကောက်ပွဲနှင့် မီဒီယာစာအုပ်ထွက်ရှိလာသည်။

စာအုပ်ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သော Article 19 ဟုခေါ်ဆိုသည့် အဖွဲ့အစည်းမှ အာရှရေးရာ တာဝန်ခံ မစ္စတာ အော်လီဗာစပင်စာက အမှာစာရေးသားပေးထားသည်။ မျက်မှောက်ကာလ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည့် အချိန်ကာလတွင် နိုင်ငံရေး ၌ ပါဝင်ခွင့်နှင့် မဲပေးခွင့်များ၊ ရွေးကောက်ပွဲကာလအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းမီဒီယာများ၏ လွတ်လပ်စွာရေးသားခွင့်၊ မဲဆန္ဒရှင်များ၏ အချက်အလက်ရယူခွင့်များကို ရေးသားထားသည်။ အသံလွှင့်မီဒီယာပုံနှိပ်မီဒီယာများ၏ ဘက်မလိုက်မှု၊ အစီအစဉ်များ၊ ကြော်ငြာများ ရွေးကောက်ပွဲအကြိုကာလဆန္ဒသဘောထားကောက်ယူမှု၊ အများပြည်သူပိုင် သတင်းစာများ၊ မီဒီယာထိန်းကျောင်းမည့် အဖွဲ့အစည်းများ၊ ချဉ်းကပ်ပုံနှင့် စောင့်ကြည့်မှု၊ တိုင်ကြားစာနှင့် ပြင်ဆင်ချက်များကို ဖော်ပြထားသည်။

စာအုပ်ကို မနောဖြူစာပေ၊ အမှတ် (၂၃၅)၊ မြေညီထပ် (၃၇) လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၄၃၈၇၃ က တန်ဖိုးကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။




## Do Speak Bamar! (Bama lo Pyaw:ba)

စိန်ဝင်းစိန်ရေးသားသော Do Speak Bamar!(Bama lo Pyaw:ba) စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံ၌လည်း ခရီးသွားဧည့်သည်များ အကြောင်းအမျိုးမျိုးဖြင့် မြန်မာလိုပြောလိုက ပြောနိုင်စေရန် အထောက်အကူပြုစာအုပ်ဖြစ်သည်။ ဆရာစိန်ဝင်းစိန်က Do Speak Bamar အမည်ရှိ စာအုပ်ကို မြန်မာစကားပြောလိုသည့် နိုင်ငံခြားသားများအတွက် ရေးသားပြုစုထားသည်။

စာအုပ်ကိုဖတ်ရင်း အသံထွက်ပါ လေ့လာနိုင်အောင် Mp3 အခွေပါထည့်သွင်းပေးထားပါသည်။ စက္ကူအကောင်းစား၊ စာမျက်နှာ ၃၀၀ ကျော်ပါရှိပြီး မိမိတိုင်းပြည်သို့ ရောက်ရှိလာသည့် နိုင်ငံခြားသားများသို့ လက်ဆောင်ပေးရန်ပါ အထူးသင့်လျော်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့်ဖြန့်ချိ ထားသည်။

# လားရှိုးမြို့တွင် ADSL အင်တာနက်လိုင်းဝန်ဆောင်မှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးစေလို

**လားရှိုး ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ADSL အင်တာနက်လိုင်းများ မကြာခဏပြတ်တောက်နေသည့်အတွက် အသုံးပြုသူများအဆင်မပြေဖြစ်နေကြပြီး အင်တာနက်ပြတ်တောက်မှုအကြောင်း လက်ခံဖြေရှင်းပေးမည့် Call Centre လည်း မရှိသည့်အတွက် အင်တာနက်လိုင်းပြတ်တောက်လျှင် အခက်အခဲဖြစ်ရကြောင်း မြန်နှုန်းမြင့် ADSL အင်တာနက်လိုင်း အသုံးပြုသူများက ပြောသည်။

၂၀၁၅ သကြၤန်နောက်ပိုင်း ADSL က ပြန်ကောင်းလာတယ်ကို မရှိဘူး။ ကောင်းရင်လည်း ရက်ပိုင်းပဲ။ အခု ဩဂုတ်တစ်လလုံးလည်း တစ်ရက်မှ ကောင်းကောင်းမသုံးရဘူး။ ကိုယ့်အင်တာနက် မရဘူးဆိုရင် ဘယ်ကိုဖုန်းဆက်မေးရမယ်၊ အကူအညီတောင်းရမယ်ဆိုတာလည်း မသိရဘူး။ မြန်မာ့ဆက်သွယ်ရေးရုံးကလည်း ဖုန်းပျက်တိုင်ကြားရန် ဆိုတာပဲရှိတယ်။ အင်တာနက်ပျက်တိုင်ကြားရန်ဆိုတာမရှိတော့ ခက်တယ်ဟု လားရှိုးမြို့ ရပ်ကွက် (၁) တွင် နေထိုင်သူ ဆရာမတစ်ဦးက ပြောပြသည်။

မြန်မာ့ဆက်သွယ်ရေးရဲ့ အင်တာနက်ဝန်ဆောင်မှုကို ဒီထက်ပိုကောင်းစေချင်ပါတယ်။ ဌာနကလည်း ရတနာပုံတယ်လီပို့ကနေ ပို့လွှတ်တဲ့ အင်တာနက်ကွန်ရက်ကို ထပ်ဆင့်ထုတ်လွှင့်ပေးတယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် အနည်းဆုံး အင်တာနက်ပျက်ရင် လက်ခံဖြေရှင်းပေးမယ့် Call Centre ဒါမှမဟုတ် Complain Centre တော့ ရှိသင့်တယ်ဟု ၎င်းက ဆက်လက်ပြောပြသည်။

သူတို့ရဲ့ ADSL က ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေတယ်။ လကုန်လို့ ငွေသွင်းတာနောက်ကျရင်တော့ ဘာမှအကြောင်းမကြားဘဲ ဖုန်းလိုင်းဖြတ်တယ်။ ငွေသွင်းလိုက်ရင်လည်း ဖုန်းလိုင်းက ချက်ခြင်းမပွင့်ဘူး။ အနည်းဆုံး ၃ ရက်ကနေ ၅ ရက်ကတော့ ဖုန်းပျက်နေတော့တာပဲဟု ADSL အသုံးပြုခပေးသွင်းရန် နောက်ကျသဖြင့် ဖုန်းလိုင်းဖြတ်ခံရသည်ကို ကိုယ်တွေ့ကြုံရသူတစ်ဦးက ပြောပြသည်။

ထို့ကြောင့် လားရှိုးမြို့တွင် ADSL အင်တာနက်လိုင်းဝန်ဆောင်မှု ပိုမိုကောင်းမွန်စေရေး၊ အင်တာနက်ကွန်ပလိန်း စင်တာ ထားရှိပေးရေး၊ အင်တာနက်အသုံးပြုခပေးသွင်းရန်နောက်ကျလျှင် ဖုန်းလိုင်းမဖြတ်ဘဲ ရက်လွန်ကြေးကောက်ခံခြင်းများကို သက်ဆိုင်ရာက ဆောင်ရွက်ပေးရန် ADSL အသုံးပြုသူများက ဆန္ဒရှိနေကြကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု ‘ကမ္ဘာကုန်ကျယ်သရွေ့ဝယ်’ တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

**အခန်း(၁၇)**

**ဆုံတတ်သည့်မြေ**

အဆုံးအစမမြင်၊ ဧရာဝတီမြစ်ရေလျှဉ် တတွေတွေစီးဆင်းလေသကဲ့သို့ တရွေ့ရွေ့အချိန်တို့ ပြောင်းခဲ့ပြီးနောက် နှစ်ပေါင်းကိုးနှစ်အကြာ ၁၉၄၈ ခုနှစ် ဇူလိုင်လဆန်းအချိန် ရန်ကုန်တက္ကသိုလ်မြေ၌ ဖြစ်ခဲ့သည်။

ထာဝစဉ်တို့ စိမ်းစိုသာယာသော တက္ကသိုလ်နယ်မြေသည် ဇူလိုင်လမိုးကြောင့် ပိုမိုနုပျို သစ်လွင်နေ၏။

မြရောင်ရင့်သော အင်္ဂလိပ်ပိတောက်ပင်တို့သည် ရွှေရောင်ပွင့်ကျန်ပွင့်ကြွင်းတို့ကို အမြင့်၌ ဆင်ထားဆဲဖြစ်၏။ ပင်လုံးကျွတ် ရွက်စိမ်းတို့ ပြန်လည်ဝေမှောင်နေပြီဖြစ်သော်လည်း စိန်ပန်းပင်တို့သည် ပတ္တမြားပွင့်လွှာတို့ကို အပြီးတိုင်မစွန့်သေး။ စွယ်တော်ပွင့်ဖြူဖြူတို့လည်း တစ်ပွင့်စ နှစ်ပွင့်စ ကျန်နေလေသေးသည်။ ကံ့ကော်တောတို့ကသာ အပွင့်မဆင်ပြီ၊ သဘော်တည်ပင်နှင့် စိမ်းရာတွင် အမှောင်ချင်းပြိုင်နေ၏။

ညနေကျောင်းဆင်းချိန်ခါနီးမှ မိုးက သဲသဲမဲမဲ ရွာချသည်။

အရှေ့ဘက်ရှိ စာသင်အဆောက်အအုံကြီး သုံးဆောင်ကို ဆက်ထားသော စင်္ကြံသုံးထပ်အနက် အပေါ်ဆုံးအထပ် စင်္ကြံတစ်လျှောက် မြောက်မှနေ၍ တောင်သို့ဆယ့်ရှစ်နှစ်အရွယ်ခန့် ကျောင်းသားတစ်ဦးသည် ဖြည်းဖြည်းမှန်မှန် လျှောက်လာနေ၏။

သူသည် ရွှေတောင်လုံချည်အနီနှင့် တိုက်ပုံအင်္ကျီ အနက်ကို ဝတ်ထား၏။ အောက်ခံအင်္ကျီမှာ စတစ်ကော်လံတပ် အဖြူဖြစ်၏။ လက်တစ်ဖက်က ဖိုင်တစ်ခုနှင့် ဗလာစာအုပ်များကို ပိုက်ထားပြီး အခြားလက်တစ်ဖက်တွင်မူ ဖဲထီးအနက်တစ်ခုကို ချိတ်ဆောင်လာ၏။

လုံချည်အနီနှင့် အင်္ကျီ အနက်သည် လူကိုရင့်စေသည်။ ဖဲထီးအနက်ကပါ ဝင်ကူဖြည့်လိုက်သောအခါ ပြည့်ပြည့်ဝဝ လူကြီးဆန်နေ၏။

သို့ရာတွင် အသားလတ်လတ်၊ မျက်ခုံး မျက်လုံးကောင်းကောင်းနှင့် သူ့မျက်နှာကား တည်ငြိမ်၍ များစွာနုနယ်သေးသည်။

လေငြေ့သဖြင့် မိုးငွေ့၊မိုးစက်၊ မိုးပေါက်တို့သည် စင်္ကြံတွင်းသို့ တိုးဝင်ပက်စဉ်နေ၏။

သူကဖြည်းဖြည်းမှန်မှန် လျှောက်ရင်း မိုးငွေ့၊ မိုးစက်၊ မိုးပေါက်တို့ကို နှစ်သက်စွာကြည့်၏။ မျက်နှာကို ၎င်းတို့လာတိုးသောအခါ အေးမြလန်းဆန်းသောအတွေ့ကို ခံစားနေရ၏။

ကျောင်းဆင်းချိန်မှာ မိနစ်ပိုင်းမျှလိုသေးသည်။ ကြူတိုးရီရဲနှင့် လက်တွေ့သင်ခန်းစာ စောစောပြီးသော ကျောင်းသူကျောင်းသား အနည်းငယ်သာ စင်္ကြံများ၌ လျှောက်နေကြသည်။

အပေါ်ဆုံးထပ်စင်္ကြံသည် လူအမြဲတမ်းရှင်းသည်။ လူရှင်းလွန်းသဖြင့် တိုးတိုးတိတ်တိတ် ချိန်းတွေ့သောစုံတွဲ တစ်တွဲ နှစ်တွဲကိုလည်း မကြာခဏတွေ့ရရိုးဖြစ်၏။

ဖြည်းဖြည်းမှန်မှန် လျှောက်လာသော ကျောင်းသားသည် ယနေ့ကံကောင်း၏။ မျက်နှာပူဖွယ် မည်သည့်စုံတွဲကိုမျှ မတွေ့။

သူသည် ရုက္ခဗေဒ ဥယျာဉ်ကို စီးမြင်ရသောနေရာမှ ဖြတ်လာပြီး အောက်ထပ်သို့ဆင်းသည့် လှေကားအနီး မရောက်တရောက်၌ လက်ယာဘက်ကော်ရစ်ဒါမှ ထွက်လာသောကျောင်းသူလေးတစ်ဦးကို တွေ့ရသည်။

ကျောင်းသူလေးသည် မြမြမှောင်သော ပိုးထဘီကို ဝတ်ထားသည်။အင်္ကျီက ကြက်ဥရောင် လက်ရှည်လေးဖြစ်၏။ အသားအရေကမြင်သည့်ခဏ၌ အမှတ်ပြုမိလောက်အောင်ဝါဝင်းရကားဝတ်ထားသော ထဘီ အင်္ကျီရောင်တို့နှင့် သင့်မြတ်လိုက်ဖက်လှ၏။

သူကအမှတ်မထင် ကျောင်းသူလေးကိုကြည့်သည်။ ကျောင်းသူလေးကလည်းအမှတ်မထင် သူ့ကိုပြန်ကြည့်သည်။မျက်နှာချင်း၊ မျက်လုံးချင်း ဆိုင်မိကြသည် တစ်ခဏ၌ နှစ်ဦးလုံး ခြေလှမ်းများရပ်တန့်သွားကြ၏။ ငါးစက္ကန့်မျှ တစ်ဦးကို တစ်ဦးစိုက်ကြည့်နေမိကြသည်။

ကျောင်းသူလေးက မျက်လုံးအရင်လွှဲကာ ရုက္ခဗေဒဆောင်ဘက်သို့ ဆက်လျှောက်သွား၏။ သူကသာ နေရာမှမရွေ့ဘဲ မျက်မှောင်တွန့်၍ ကျောင်းသူလေးသွားရာကို နောက်မှငေးကြည့်နေမိ၏။

ထောင့်ချိုးမရောက်မီ ကျောင်းသူလေးက သမင်လည်ပြန်နှင့်သူ့ကို လှည့်ကြည့်ပြီးနောက် ပျောက်ကွယ်သွား၏။

သူကသာ ရပ်မြဲရပ်နေသည်။ စက္ကန့်များအတွင်းသာ မြင်လိုက်ခဲ့ရသည့် ဆံခွေနွယ်နွယ်၊ မျက်တောင်ကော့ကော့၊ မျက်လုံးကြည်ကြည်၊ နှာတံထင်ထင်၊ နှုတ်ခမ်းပြည့်ပြည့်နှင့် ဝါဝင်းသော မျက်နှာသွယ်လေးသည် သူ့မျက်လုံးများ၌ပီသစွာ ထင်ကျန်ရစ်၏။

သူ့ရင်က တထိုင်းထိုင်း မခုန်။ နှလုံးသားသည်မူ သိမ်မွေ့နူးညံ့စွာ သိမ့်သိမ့်လှုပ်ရှားနေ၏။

ကျောင်းဆင်းလှျင်လျှပ်စစ်ဘဲ(လ်) ကြီးမြည်သံပေါ်လာရာမှ သူသည်ခေါင်းငုံ့စဉ်းစားရင်း အောက်ထပ်သို့ဆင်းလာခဲ့သည်။

အောက်ဆုံးစင်္ကြံတစ်လျှောက်တွင် စာသင်ခန်းများမှ အန်ထွက်လာသောကျောင်းသားကျောင်းသူများနှင့် ပြည့်နေ၏။

အယ် (လ်)စီအာရ် ခေါ် အမျိုးသမီးများ နားနေခန်းထောင့်ချိုးရောက်သောအခါ ခေါင်းငုံ့လျှောက်လာသော ကျောင်းသားကို တစ်စုံတစ်ယောက်ကလှမ်းခေါ်သည်။

“ဟေ့. . သက်ခိုင်၊ ခဏ၊ခဏ. .”

လှမ်းခေါ်သောကျောင်းသားသည် အမျိုးသမီးအခန်းရှေ့တည့်တည့်စင်္ကြံဘေး၌ရပ်နေသည်။ ထိုစင်္ကြံတစ်လျှောက်၌ ပြုံးဖြဲဖြဲတစ်မျိုး၊ ပြောင်စပ်စပ်တလီ။ ငိုင်တိုင်တိုင် တစ်နည်း၊ရှက်ရွံ့ရွံ့တစ်ဖုံနှင့် ကျောင်းသားအများတန်းစီရပ်နေကြ၏။

သက်ခိုင်ကိုလှမ်းခေါ်သော ကျောင်းသားသည် သူ့နေရာကောင်းကို လုဝင်ယူမည်စိုးသည့်အလား စင်္ကြံဘေးကာဘောင်မှမခွာဘဲ သက်ခိုင်အားသာ လက်ယပ်ပြခေါ်နေ၏။

သက်ခိုင်က သူထံလျှောက်သွား၏။

“ဘာလဲကွ. . ယုမောင်”

“မင်းမှာ ထီးပါတာမြင်လို့၊ အပြန်အတူလိုက်ချင်လို့၊ ငါ့ခဏစောင့်ကွာ”

“စောင့်တာက အရေးမကြီးဘူး ကိုယ့်လူ၊ လက်ဖက်ရည်မမီဘဲ နေဦးမယ်”

“ မမီလည်း ငါက ရာနီဆိုင်မှာ အကြွေးဝယ်တိုက်ပါ့မယ်၊ မင်းကလည်းကွာ. . အကြောင်းသိရက်သားနဲ့”

အမှန်မှာ အယ်(လ်)စီအာ(ရ်) ရှေ့၌ရပ်ရဲလောက်အောင် သက်ခိုင်၏မျက်နှာသည်အရေမထူ။ သို့ရာတွင် ယုမောင်၏အကြောင်းကို သိသောကြောင့် သည်းခံရပ်စောင့်ရ၏။

ယုမောင်က စင်္ကြံဘောင်ကို ကျောခိုင်းမှီပြီး အယ် (လ်) စီအာ (ရ်)တံခါးဝကို ကြည့်နေ၏။ စင်္ကြံအပြင်ဘက်လမ်းဘေးတစ်ဖက်တစ်ချက်တို့တွင် ကျောင်းသူများကိုလာကြိုသော ကားကြီးကားငယ်အသွယ်သွယ်တို့ဆိုက်ရပ်ထားကြ၏။

အယ်(လ်)စီအာ (ရ်)တံခါးဝမှ မိန်းကလေးတစ်သိုက်ထွက်လာကြ၏။ ထိုတစ်သိုက်အနက် မိန်းကလေးတစ်ဦးမှာ အထူးခြားဆုံးဖြစ်သည်။ ထူးခြားရသည်မှာ မဆန်းပြားသောကြောင့်ဖြစ်၏။ ထိုမိန်းကလေးကို ယု ဟု သက်ခိုင်သိပြီးဖြစ်၏။ ကောင်းကောင်းသိခဲ့ပြီးဖြစ်၏။

ယုသည်သရက်ထည်ထဘီနှင့် ချည်အင်္ကျီထူထူလေး ဝတ်ထားသည်။ ရွှေ ငွေမဆင်၊ နှုတ်ခမ်းဆေးမဆိုး။ ခေါင်း၌အမောက်မရှိ။ ဆံပင်ကို ကျစ်ဆံမြီးကျစ်၍ နောက်၌ချထား၏။ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်နှင့် အသားကညို၍ ညက်သည်။ ချောလွန်းလှပါသည်ဟု မဆိုနိုင်စေ၊ ရိုးရိုးယဉ်ယဉ်နှင့် အကြည့်ခံသော အလှပိုင်ရှင်မလေး ဖြစ်၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**







# မုံရွာမြို့ပေါ်ရှိ စာသင်ကျောင်းများ၏ မုန့်ဈေးတန်းများတွင် ကျောင်းသား ကျောင်းသူများအန္တရာယ်ကင်းရန် ကြည့်ရှုစစ်ဆေး

**မုံရွာ ဩဂုတ် ၂၄**

စာသင်ကျောင်းများမှ မုန့်ဈေးတန်းများတွင် ကျောင်းသား၊ ကျောင်းသူများကို ဆွဲဆောင်ရန် အရောင်အသွေးအမျိုးမျိုးဖြင့် ဝယ်ချင်စဖွယ်ဖြစ်အောင် အရောင်ဆိုးဆေးများ အလွန်အကျွံအသုံးပြုထားသော ပြည်တွင်းပြည်ပထုတ် အသင့်စားမုန့်များ၊ အချဉ်ပေါင်းများ၊ ရေခဲထုပ်များ၊ ရောင်စုံဂျယ်လီများ၊ တုတ်ထိုးချိုချဉ်များ အများအပြား ရောင်းချနေခြင်းကို တွေ့ရသည်။

၎င်းမုန့်များကို ကလေးငယ်များစားသုံးပါက လတ်တလော အနေဖြင့် အာရုံစူးစိုက်မှုနည်းပါးခြင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွားမှုနှင့် ဉာဏ်ပညာဖွံ့ဖြိုးမှုအတွက် အန္တရာယ်ရှိသည့်အပြင် ရေရှည်စားသုံးပါက ကင်ဆာကဲ့သို့ ရောဂါများ ဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိသောကြောင့် ကျောင်းဈေးသည်များအား ၎င်းမုန့်များရောင်းချမည့်အစား ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သည့် သစ်သီးဝလံများ၊ မိရိုးဖလာမုန့်များ ရောင်းချသင့်ကြောင်း၊ ကျောင်းသားလူငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် ကလေးငယ်များဖြစ်သောကြောင့် ကလေးငယ်များ အဓိကစားသုံးသော အစားအစာများကို ရောင်းချသည့် ကျောင်းဈေးသည်များ အနေဖြင့် အစားအသောက်အန္တရာယ်ကင်းရှင်းရေး သိရှိထားရန်နှင့် ဈေးသည်များ၏ ကျန်းမာရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသိပညာများ သိရှိထားရန်လိုအပ်သည်။

ယင်းကြောင့် တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်းနှင့် ဝန်ထမ်းများ၊ မုံရွာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဌာနမှူး ဒေါက်တာဒေါ်မြင့်မြင့်အေးနှင့် တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ဩဂုတ် ၁၈ ရက်က ကျောင်းဈေးတန်းအရောက် လိုက်လံစစ်ဆေးပြီး ဆွေးနွေးဟောပြောပညာပေးခြင်း၊ ကျန်းမာရေး အသိပညာပေးစာအုပ်များ၊ နံရံကပ်စာစောင်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကနီမြို့တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး သင်တန်းဆင်းပွဲပြုလုပ်

**ကနီ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး သင်တန်းဆင်းပွဲကို ဩဂုတ် ၂၂ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသန့်ဇင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းသားများအနေဖြင့် သင်တန်းမှရရှိသော အတွေ့အကြုံများကို လက်တွေ့အကျိုးရှိစွာ အသုံးချဆောင်ရွက်ကြစေလိုကြောင်းဖြင့် သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းကို ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာသင်ကြားခဲ့ပြီး သင်တန်းသို့ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၂၇ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသားများအား သင်တန်းကာလအတွင်း တစ်ရက်သုံးထောင်ကျပ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာဖူလုံစေရေး၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် တုန့်ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများရှိ သင်တန်းသားများ စုစည်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးသင်တန်းများ ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# မိုင်းဆတ်–မိုင်းတုံလမ်း နမ့်တုံချောင်းကူးတံတား တည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းဆတ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ဩဂုတ် ၃ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် မိုင်းဆတ်-မိုင်းတုံ-ပုံပါကျင်ကားလမ်းရှိ တံတားအစား ၆ မိုင်ကျေးရွာအနီးတွင် အရှည်ပေ ၈၀၊ အကျယ် ၁၈ ပေရှိ နမ့်တုံချောင်းကူးတံတားအား မိုင်းဆတ်ခရိုင်လမ်းဦးစီးဌာနက ယာယီ နှစ်လွှာတစ်ထပ် သံပေါင်ဘေလီတံတား တည်ဆောက်လျက်ရှိသည်။

အဆိုပါတံတားတည်ဆောက်နေမှုကိုဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲက ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်အင်ဂျင်နီယာမှူး ဦးအောင်ညိုက တံတားတည်ဆောက်ပြီးစီးမှု၊ ပစ္စည်းစုဆောင်းထားရှိမှုနှင့် ဩဂုတ်လကုန်တွင် အပြီးတည်ဆောက်သွားမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

"အခုတံတားပျက်နေတော့ လူတွေကို ယာယီလူကူးတံတားကနေဆင်းလျှောက်ခိုင်းပြီး ကားကို ချောင်းထဲကဖြတ်မောင်းနေရတော့ မိုးမရွာရင်အဆင်ပြေပေမယ့် မိုးရွာလို့ တောင်ကျရေတွေဆင်းလာရင် ဖြတ်လို့မရတော့ပါဘူး။ အချိန်လည်းကုန်တယ်၊ အရမ်းလည်းအန္တရာယ်များပါတယ်။ အခု ဒီတံတားပြန်ဆောက်နေတာ လကုန်ပြီးမယ်လို့သိရတော့ ဝမ်းသာစရာသတင်းစကားပေါ့ဗျာ" ဟု ဒို့ညီနောင်ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**



ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး
ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင် (၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော ဓာတ်မှန်နှင့်ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၉-၂၀၁၅ ရက်၊ ညနေ ၄:၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပစ္စည်းစာရင်းများ အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။
**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့**
**ဖုန်း-၀၄၂-၇၀၄၉၂**

ay[illegible]u q;
ကျွန်တော် ဦးဇော်ဝင်း[၁၂/ဗဟန(နိုင်)၀၈၃၄၉၁]၏ Passport No.MA 195887 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၁၅၂၇၄၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
Tender No.10/DHPI/Line Material/2015-2016
၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ သူငွေးစီမံကိန်းအတွက်လိုအပ်သော Transformer 33KV, 11KV ဓာတ်အားလိုင်းပစ္စည်းများအား D.D.P(Tha-Htay)၊ မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်း အဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၈-၉-၂၀၁၅ရက်၊ ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Over all Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက် ရွေးချယ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှစတင်၍ရုံးချိန်အတွင်း အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၉၃၂၂၇၈၄၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၀၇၀၂၉၉၁

Virgin Land
Ph : 01-8610252, 09-5123793, 09-261027002

ဝါတွင်းအခါသမယမှာ ကုသိုလ်ပြုဖို့ရာ စားသုံးသူမိဘပြည်သူများ
ချန်ပီယံပေါ်ဆန်းမွှေးကို မှာယူကြပါမျို့
09 730 77711 ☎ 01-682844
09 730 77722 ☎ 01-682944

ပြည်ထဲရေးဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ် ၁၂စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းကြရန် ဖိတ်ခေါ်ပါသည်-
(က) Toyota Lexus/Kluger/Crown (Model-2005အထက်) ၃ စီး
(ခ) Toyota Fielder/Toyota Probox (Model-2005အထက်) ၉ စီး
၂။ တင်ဒါစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၅-၈-၂၀၁၅ ရက်မှ ၁-၉-၂၀၁၅ရက်အထိ နံနက်၉း၃၀နာရီမှ ၁၅း၀၀နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ တင်ဒါတင်သွင်းရမည့်ရက်မှာ ၂-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂း၀၀ နာရီ ဖြစ်ပြီး၊ ၁၄း၀၀နာရီတွင် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အစည်းအဝေးခန်း)တွင် တင်ဒါဖွင့်ပွဲပြုလုပ်သွားမည်ဖြစ်ပါသည်။
၄။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်ပြီးနောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့။**
**ဖုန်း-၀၅၂-၂၂၀၈၃၆၊ ၀၅၂-၂၂၀၈၇၁၊ ၀၅၂-၂၂၂၀၂၆၈**




## တောင်သာရေလွှဲဆည် မြောင်းမကြီး ပြန်လည်ပြုပြင်တူးဖော်နေမှု ကြည့်ရှုစစ်ဆေး

**တောင်သာ ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်သာရေလွှဲဆည် မြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရန်အတွက် ပြန်လည်ပြုပြင်တူးဖော်နေမှုကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့်အဖွဲ့သည် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနေ့က ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့်အတူ ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လွင်၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများ လိုက်ပါကြည့်ရှုစစ်ဆေးခဲ့ကြသည်။

တောင်သာရေလွှဲဆည်မြောင်းမကြီးသည် အရှည် ၄ ဒသမ ၅ မိုင်ရှိရာ မြောင်းမကြီးတစ်လျှောက် စက်ယန္တရားကြီးများဖြင့် မြောင်းများတူးဖော်ခြင်း၊ မြောင်းတာပေါင်ဖို့ခြင်းများပြုလုပ်ပြီး မြောင်းမကြီးပေါ်ရှိ တံတားများကိုလည်း ပြုပြင်တည်ဆောက်လျက်ရှိသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ကန့်ဘလူမြို့နယ်အတွင်း ရထားလမ်းချော်သဖြင့် ရထားလမ်းပိုင်း ပြင်ဆင်မှုအား အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်

**ကန့်ဘလူ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ဩဂုတ် ၂၂ ရက် ည ၁၁ နာရီခွဲခန့်က စက်ခေါင်းမောင်း ဦးအောင်ညွန့်မောင်းနှင်လာသော စက်ခေါင်းအမှတ် DF-1303 အမှတ်(၄၂) အစုန် မန္တလေး-မြစ်ကြီးနား ဒုတိယအမြန်ရထားသည် ကန့်ဘလူ-ထန်းကုန်းမီးရထားလမ်းပိုင်းရှိ မိုင်တိုင်အမှတ်(၄၈၅/၆)နှင့် (၄၈၅/၄)အကြားရှိ တံတားအမှတ်(၁၈၈) ညောင်ပေါက်အင်းတံတားအနီးတွင် ရထားတစ်ဘီးတွဲချော်သွားသဖြင့် မီးရထားရပ်ဆိုင်းထားရရာ ကန့်ဘလူမြို့နယ်ရှိ သက်ဆိုင်ရာဝန်ထမ်းများက သွားရောက်၍ ဘီးကိုပြန်လည်ပြုပြင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါလမ်းပိတ်ဆို့မှုကြောင့် ကန့်ဘလူဘူတာတွင် စက်ခေါင်းအမှတ် DF-2063 အမှတ် ၅၆ အစုန် မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထားမှာ နံနက် ၃ နာရီမှစတင်၍ ကန့်ဘလူဘူတာတွင်ရပ်နားထားရပြီး ရထားလမ်းဆက်သွယ်မှုသည် ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီတွင် ရထားလမ်းပြင်ဆင်မှုပြီးဆုံးရာ အမှတ် ၅၆ အစုန်ရထားမှာ နံနက် ၇ နာရီ ၅၅ မိနစ်တွင် ကန့်ဘလူဘူတာမှပြန်လည်ထွက်ခွာနိုင်ခဲ့သည်။

လမ်းခရီးဆက်သွယ်မှု လုပ်ငန်းပြင်ဆင်ချိန် နှောင့်နှေးရခြင်းမှာ မိုးများသည်းထန်စွာ ရွာသွန်းမှုနှင့် ကန့်ဘလူမှ ယူသွားသည့် ဂျိုက်မကောင်းမှုတို့ကြောင့် ပြင်ဆင်ချိန်ကြာမြင့်ရခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

## မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရဲစခန်းများအား လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၂၄**

ပြည်သူများ အေးချမ်းသာယာစွာနေထိုင်နိုင်ရေးနှင့် ဒေသလုံခြုံရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိသော ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်း၊ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းခင်တို့လိုက်ပါလျက် ဩဂုတ် ၂၂ ရက် ညနေ ၅ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရဲစခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရှိ အမှတ် (၈) မြို့မရဲစခန်း၊ အမှတ် (၆) နယ်မြေရဲစခန်းနှင့် အမှတ် (၃) နယ်မြေရဲစခန်းများသို့ သွားရောက်ပြီး ပြည်သူများအတွက် လုံခြုံရေးနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များကို စစ်ဆေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး စခန်းများအတွင်းရှိ အချုပ်ခန်းများ၊ လက်နက်တိုက်များ၊ မှတ်တမ်းထိန်းသိမ်းခြင်းအခန်းများ၊ အမှုစစ်ဆေးဆောင်ရွက်သည့်အခန်းများ၊ ဝန်ထမ်းအိမ်ရာအခန်းများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက်ဝန်ကြီးက စခန်းအသီးသီးရှိ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်သူများ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးမှာ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလွန်ပင်အရေးကြီးကြောင်း၊ သက်ဆိုင်ရာနယ်မြေအတွင်း မှုခင်းဖြစ်ပွားမှုလျော့နည်းစေရေးအတွက် လှည့်ကင်း၊ ရပ်ကင်း၊ စခန်းကင်းများချသည့် လုံခြုံရေးအစီအမံများကိုလည်း စနစ်တကျထားရှိဆောင်ရွက်ကြရန်လိုကြောင်း၊ ထူးခြားမှုဖြစ်ပေါ်ပါကလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။



ယင်းနောက် မြို့နယ်အတွင်းရှိ မရမ်းခြံရဲကင်းသို့သွားရောက်၍ ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ မှောင်ရိပ်ခို၍ အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်နိုင်သည့်နေရာများနှင့် ဆိပ်ကမ်းတစ်လျှောက် သွားလာနေထိုင်ကြသည့်ပြည်သူများ လုံခြုံစိတ်ချစွာဖြင့် သွားလာနေထိုင်နိုင်ရေးအတွက် လုံခြုံရေးအထူးကြပ်မတ်ဆောင်ရွက်ထားရှိရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ဇင်(မုံရွာ)**

## ကော့သောင်း၌ တရားခံပြေးတစ်ဦး မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိ

**ကော့သောင်း ဩဂုတ် ၂၄**

ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် နေအိမ်တစ်အိမ်တွင် ဩဂုတ် ၁၈ ရက်ညနေပိုင်းက တရားခံပြေးတစ်ဦးအား ဖမ်းဆီးရာ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင် (၃)လမ်း နေအိမ်တစ်အိမ်တွင် ကော့သောင်းရဲစခန်း (ပ)၁၄/၂၀၁၅ မယပုဒ်မ ၁၅/၁၉(က)/၂၁/ ကျင့် ၅၁၂ အမှုမှ တရားခံပြေး ဇင်ငယ်(ခ)ဇင်ကိုကိုဆိုသူ ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက သွားရောက်ဖမ်းဆီးခဲ့ရာ အဆိုပါနေအိမ်အတွင်း တရားခံပြေး ဇင်ငယ်(ခ)ဇင်ကိုကို ဆိုသူနှင့်အတူ WY စာတန်းပါ စိတ်ကြွဆေးပြား ၃၀၅ ပြား၊ ဆေးရှူကိရိယာတစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

၁ ။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂ ။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။

၃ ။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။

၄ ။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။

၅ ။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည် *

မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 789 888 222, 09 862 8806, 01 504632

Topsyne®

မူလလက်ဟောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"

အသစ်ထပ်မံထုတ်လုပ်ထားသော "ခေတ်သစ်ပျိုမေများရဲ့ ဖန်ဆင်းရှင်အစစ်"







Herbal Cream
(ငွေရောင်ဘူး)

Herbal Cream
(ပန်းပွင့်ပုံဘူး)

(ကျား/မ မရွေးသုံးနိုင်သည်)

Apple Production Co., Ltd.
အမှတ် (A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၈၁၃၉၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄၊ ၀၉၄၉၃၁၆၄၀၈၊ ၀၉ ၈၆၁၈၀၈၁၊ ၀၉ ၅၀၂၀၄၈၉

ကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ | (၆)လ |

**မဟာသိပ္ပံသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ | (၁)နှစ် |
| (ခ) | ဆေးပညာမဟာသိပ္ပံ (ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ) | ။ |

**ပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး) | (၃)နှစ် |

**၂။ လိုအပ်သောအရည်အချင်း**

**(က)ဒီပလိုမာသင်တန်း**

(၁) အမ်ဘီဘီအက်စ်ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၂) ဝန်ထမ်းဆရာဝန်များအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အနည်းဆုံးလုပ်သက် (၅)နှစ်ရှိပြီး အသက်(၅၅)နှစ်ထက် မကြီးသူဖြစ်ရမည်။

(၃) ပြင်ပဆရာဝန်များအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လက်ရှိတရားဝင် ဆရာဝန်မှတ်ပုံတင်(ဆမ) သက်တမ်း(၇)နှစ်ပြည့်ပြီး၊ ဆမသက်တမ်းတိုးကိုင်ဆောင်ထားသူ ဖြစ်ရမည်။ ဆေးခန်း(သို့မဟုတ်) ပြင်ပဆေးရုံ(သို့မဟုတ်) ကိုယ်ပိုင်ဆေးခန်းများတွင် လုပ်သက်အတွေ့အကြုံရှိကြောင်း အထောက်အထားနှင့် ထောက်ခံစာကို တင်ပြနိုင်ရမည်။

